ပြန်လည်ကြွလာခြင်း သတင်းကောင်း

NOVEMBER
DECEMBER

HERALD *OF HIS* COMING

မိမိအပြစ်ကို ဖုံးကွယ်သောသူသည် ချမ်းသာမရ၊ မိမိအပြစ်ကို ဖော်ပြဝန်ခံ၍ စွန့်ပစ်သောသူကား ကရုဏာတော်ကို ခံစားရလိမ့်မည်(သု ၂၈း၁၃)။

ဘုရားသခင်နှင့် တွေ့ဆုံသည့် အခိုက်အတန့်လေးတစ်ခု

(Having An Encounter With God)

By Henry Blackaby

ဘုရားသခင်၏ မျက်မှောက်တော်၌ ကျွန်ုပ်တို့ရှိနေစဉ်တွင် သူကအခြေခံပြောင်းလဲမှုတရပ်ကို ဆောင်ကျဉ်ပေးပါသည်။သမ္မာကျမ်းစာတွင် ဤအရာများကိုတွေ့ရှိနိုင်ပါသည်။ သို့သော် တနည်းအားဖြင့် ပြောရမည်ဆိုလျင် ကျမ်းပိုဒ်၌ ကျွန်ုပ်တို့နားမလည်သည့်အရာမှာ ကျွန်ုပ်တို့တွေ့ဆုံနေသော ပုဂ္ဂိုလ်ကိုပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ဘုရားသခင်၏ အိမ်တော်သို့ လာရောက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ သူနှင့် တွေ့ဆုံမှု တစ်ခုရရှိကြဖို့ရန်ပင်ဖြစ်ပါသည်။သို့သော်လည်း ကျွန်ုပ်တို့၏ အသွင်သဏ္ဌာန် ကပြောင်လဲခြင်း မရှိဖြစ်နိုင်ပါသည်။ သင်နှင့်ဘုရားသခင်တွေ့ဆုံသော အခိုက်အတန့်သည် ဘုရားသခင်၏ ဆုံးဖြတ်ချက်ဖြစ်ပြီး သင့် အားဖြင့် မဟုတ်ပါ ဘုရားသခင်နှုတ်ကပတ်တော်ကို ဝိညာဉ်တော်က အသက်ရှင်ခြင်းတန်ခိုးနှင့် ပြုပြင်ခြင်းသန်လျက် တကာတို့ ထက်ထက်ခြင်းပြည့် စုံသောအသက်နှင့်စိတ်ဝိညာဉ်ကိုဂင်း အရိုးဆစ်နှင့်ခြင်ဆီ ကို စုံသော အသက်နှင့် စိတ်ဝိညာဉ်ကိုဂင်း လုပ်ဆောင်ပေးပါသည်။ (ဟေဗြဲ ၄း၁၂) ထို့ကြောင့် ဤအရာ က သင့်အားဘုရားသခင်ကို ပြည့်စုံစွာ သိမြင်စေပါသည်။ ဘုရားသခင်က သင့်ကိုတွေ့ဆုံသော အခါ သင်၏ အသက်တာတခုလုံးကို မွေနှောက် ကြောင်းကို သင်သိရလိမ့်မည်ဖြစ်သည်။

ဘုရားသခင်နှင့် ဟေရှာယတွေ့ဆုံခြင်း(၂ဒွေ့ဖွ့ နညခသကညအနမ တငအ့ွ့သိ)

ဟေရှာယ အခန်းကြီး(၆)တွင် ကျွန်ုပ်တို့တွေ့မြင်သည့် သတိပြုစရာအချက်တခုမှာ ဘုရားသခင် နှင့် ဟေရှာယ၏ တွေ့ဆုံခြင်းဖြစ်ပါသည်။ ဘုရားသခင်က ဟေရှာယ၏ ပြဿနာကို တိတိကျကျသိနေပါသည်။ သို့ဖြစ်သောကြောင့် အသက်တာ၏ အခြေခံလိုအပ်ချက်ကို ပြောင်းလဲဖို့ရန်အတွက်တွေ့ဆုံခဲ့ပါ သည်။

ဟေရှာယက ရုတ်တရက် ဘုရားသခင်၏ မျက်မှောက်တော်ထဲ၌ ရောက်ရှိနေပါသည်။ လူတချို့ က ဘုရားသခင်၏ မျက်မှောက်တော်ထဲမှ ဖြစ်တည်မှုအကြောင်းကို ပြောကြပါသည်။မည်သို့ပင်ဖြစ်နေပါစေ ကျွန်ုပ်တို့က ဘုရား သခင်၏ သန့်ရှင်းခြင်းကို မကြုံတွေ့ခဲ့ဖူးကြပါ။ အကယ်၍ ကျွန်ုပ်တို့ ဘုရားသ ခင်၏ သန့်ရှင်းခြင်းထဲတွင် ရှိမည်ဆိုလျှင်အားလုံးက ဟေရှာယကဲ့သို့ပင်ပြန်လည်တုန့်ပြန်ကြလိမ့်မည် ဟု ယုံကြည်ပါသည်။

ငါကလည်း ငါသည် အမင်္ဂလာရှိ၏ အကျိုးနည်းပြီစာကာ ငါသည်ညစ်ညူးသော နှုတ်ခမ်းရှိ လျက် ညစ်ညူးသော နှုတ်ခမ်းရှိသော လူမျိုးတွင်နေလျက် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရတည်းဟူသော ရှင်ဘုရင်ကို ကိုယ့်မျက်စိနှင့်မြင်လေပြီတကား (ဟေရှာယ ၆း၅)။

ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် မျက်မှောက်တော်ကအမြဲပင် ကျွန်ုပ်တို့ အသက်တာတွင်ရှိ သော လိုအပ်ချက်များကို တိကျစွာမြင်တွေ့စေပါသည်။ ဤအရာက ဘုရားသခင်နှင့် နက်နဲသောတွေ့ဆုံခြင်းမှ သင့်ကို စောင့်ထိန်းခြင်းဖြစ်ပါသည်။ ဘုရားသခင်က ဟေရှာယ၏ နှုတ်ခမ်းကိုတို့ထိခြင်းဖြင့် တုန့်ပြန်ပါသည်။ ဘုရား သခင်၏ ပလ္လင်မှရောက်ရှိလာသည့် တစ်စုံတခုက အသက်တာ ပြောင်းလဲခြင်း၏ အခိုက်အတန့် ပင်ဖြစ်ပါသည်။

ဘုရားသခင်က သူ၏ နားကို မတို့ထိခဲ့ပါ နှုတ်ခမ်းကိုသာတို့ထိခဲ့ပါသည်။ ဤအရာသည် ကြား နာခြင်းမှ ဟေရှာယကို စောင့်ထိန်းခြင်းဖြစ်ပါသည်။ ဘုရားသခင်က စကားပြောနေပါသည်။သို့သော် ဟေရှာယက ပထမ အကြိမ်ဘုရားသခင်၏ စကားတော်ကို ကြားခဲ့ပါသည်။ ငါသည် အဘယ်သူကို စေလွှတ်ရမည်နည်း၊ ငါတို့အဘို့ အဘယ်သူသွားမည်နည်း၊ တွေ့ဆုံခြင်းဖြင့် အခြေခံပြောင်းလဲခြင်းကို ရရှိသောကြောင့် ဟေရှာယထဲမှ အံ့သြဘွယ်ရာ တုန့်ပြန်မှုတခုကထွက်လာပါသည်။ အကျွန်ုပ်ရှိပါ၏ အကျွန်ုပ်ကို စေလွှတ်တော်မူပါဟု လျှောက် တင်ခဲ့ပါသည်(ငယ် ၈)။

အထက်ဖော်ပြပါ ဟေရှာယနှင့် တွေ့ဆုံခဲ့သော ဘုရားသခင်က ယနေ့ ကျွန်ုပ်တို့နှင့်တွေ့ဆုံသော ဘုရား သခင်ပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ နှိုင်ငံအတွက်ဆုတောင်းခြင်း

မည်သည့်အရာကို လုပ်သည်ဖြစ်စေ၊ နေထိုင်သည့် နိုင်ငံကတော့ပုံမှန်ပင် ခုတ်မောင်းနေပါသည်။ ကျွန်ုပ်တို့နိုင်ငံက ဆိုးရွားသောသဏ္ဌာန်ရှိပြီးရာနှင့် ချီသောလမ်းကြောင်းများဖြင့် ကျဆင်းခြင်းဖက်သို့ ဦးတည်ကာ နိမ့်ပါးသထက် နိမ့်ပါးနေပါသည်။မည်သည့် ဆုတောင်းချက်မျိုးနှင့် ကျွန်ုပ်တို့က ဆုတောင်းပြီး နိုင်ငံကို တိုးတက်ပြောင်းလဲအောင် မစွမ်းဆောင်နိုင်ကြပါသနည်း။ ဆုတောင်းချက်ကို ဖြေရန်အတွက် ကောင်းကင်တခွင်ပင်လျင် ရွှေ့လျားနေသည့်အကြောင်းကို ဘုရားသခင်ပြောဆိုပါသော်လည်းနိုင်ငံ၏

အခြေအနေက အဘယ့်ကြောင့်နောက်ကောက်ကျ၍ ကျန်ရစ်နေရပါသနည်းဟု မေးခွန်းထုတ်ချင်ပါသည် ပြင်းပြစွာဖြင့် တစုံတယောက်၏ ဆုတောင်းချက်က နိုင်ငံတခုလုံးကို ပြောင်းစေနိုင်ပါသည်။ သို့ဖြစ်သော ကြောင့် ကျွန်ုပ်တို့က ဆုတောင်းကြ ပါသည်ဟု ပြောဆိုနေကြသော်ငြားလည်း အဘယ့်ကြောင့် နိုင်ငံက ပြောင်းလဲခြင်းမရှိပါသနည်း။

ကျွန်ုပ်တို့က ဘုရားသခင်နှင့် ဆက်သွယ်ခြင်းကို တမူထူးခြားစွာဖြင့် အရည်အချင်းပြည့် ဖို့ရန်ဖြစ် ပြီးပို၍ သာ၍ ဆုတောင်းဖို့ရန်မလိုအပ်ပါ သင်ကကော ဘုရားသခင်လက်ခံဖို့ရန် တမူထူးခြားသော ဆက်သွယ်မှုနှင့် အရည်အချင်းပြည့်ဖြင့် ဆုတောင်းဖို့ရန်အတွက် အဆင်သင့် ရှိပါသလား။အဘယ့်ကြောင့် ဆိုသော် သင်၏ ပြည့်စုံသော ဆက်သွယ်ချက်အားဖြင့် ကြီးမားသောပြောင်းလဲမှု့က ကမ္ဘာတစ်ဝှမ်းနှင့် နိုင်ငံထဲ၌ နေရာယူလာမည်ကို သူသိနေပါသည်။ သင်ကကော ဆုတောင်းဖို့ရန် ဘုရားသခင်ခေါ်သောပုဂ္ဂိုလ်မျိုးဖြစ် ချင်ပါသလား။ ဘုရား သခင်နှင့် သင်ကိုယ်တိုင် လျောက်လှမ်းသည့် အသက်တာခရီးနှင့် သင့်အသက်တာအားဖြင့် ဘုရား သခင်က ရှင်းလင်းစွာ လုပ်ဆောင်နိုင်ဖို့ရန်စဉ်းစားပါ။

မောရှေ၏ ဆုတောင်းခြင်း အသက်တာ

မောရှေ၏ လုပ်ဆောင်ချက်နှင့် ဆုတောင်းချက်တချို့ကို ကျွန်ုပ်တို့ လေ့လာကြမည်ဆိုလျင် ဘုရား သခင်က မောရှေထံ၌ သူပြောလိုသောအရာများကို ကြားနာဖို့ရန်အတွက် ဖိတ်ခေါ်ကာ သူ၏ မျက်မှောက်တော်၌ ရပ်ခိုင်းခဲ့ပါသည်။ လုံးစေ့ပတ်စေ့ဖြင့် ပြောရမည်ဆိုလျင် ဘုရားသခင်က သူ၏ နှလုံးသားကို ချိုဖဲ့ကာ ရက်ပေါင်း ၄၀ နေ့နှင့်ညသူ၏ ရှေ့မှောက်တွင် ဆုတောင်းဖို့ရန် လုပ်ဆောင်ခဲ့ပါသည်။ မောရှေကလည်း ဘုရား သခင်၏ အသံကိုကြားနာဖို့ရန် မစားမသောက်ဘဲ ခန္ဓာစိတ်ဝိညာဉ် ပင်ပန်းစွာဖြင့် ရက်ပေါင်းလေးဆယ်ကို အချိန် ပေးခဲ့ပါသည်။ ထို့နောက် မောရှေသည် ဘုရားသခင်နှင့် အပြစ်ကျူးလွန်သော လူမျိုးများအကြား ရပ်လျက် မိမိ၏ အမည်စာရင်းကို ကောင်းကင်အသက်စာစောင်မှ ပယ်ဖျက်လျက် သူ့လူမျိုးများ၏ အပြစ်ကို ခွင့်လွတ်ချမ်းသာပေးဖို့ရန် လောင်းကြေးထပ်ဆုတောင်းခဲ့ပါသည်။ သမ္မာကျမ်းစာအရ မောရှေ၏ ဆုတောင်းသောအသက်တာက ဘုရားသခင်၏စိတ်နှလုံးကို ပြောင်းလဲစေခဲ့ပါသည်။

ဘုရားသခင်က သင်၏နှလုံးသားကို ချိုးဖဲ့သည့် သင်၏ နောက်ဆုံးဆုတောင်းသောအချိန်က မည်သည့် အချိန်ဖြစ်ပါသနည်း။ ရောမ ၈း၂၆ တွင် ရှင်ပေါလုက ကျွန်ုပ်တို့၏ အားနည်းချက်တခုက မည်သို့ဆုတောင်းရ မည်ကို မသိခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့မစွမ်းဆောင်နိုင်သောအရာကို ဘုရားသခင်က ဤသို့ ပံ့ပိုးပေးပါသည်။ ထိုမှတပါး ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည် မစတော်မူ၏။ ငါတို့သည် ဆုတောင်းသင့်အတိုင်း

အဘယ်ဆုကို တောင်းရမည်မသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကိုနှုတ်မမြွက်နိုင်သော ညဉ်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မတော်မူ၏ ပြောဆိုခဲ့ပါသည်။

နောက်ဆုံးအချိန် သင်ဆုတောင်းဖို့ရန် ဒူးထောက်ပြီး ကိုယ်တော် ကျွန်ုပ်လုပ်ဆောင်ရမည့် ဆုတောင်းချက်ကို မသိပါဟု အော်ဟစ်ကာ ကျွန်ုပ်တို့နိုင်ငံပျက်စီးပါပြီ။ မည်သို့ဆုတောင်းရပါမည်နည်းဟု မေးမြန်းသော အခါ သင်တောင်းရမည့်အရာကို သင့်စိတ်နှလုံးထဲသို့ ဘုရားသခင်က ချပေးမည်ဆိုလျှင် သင့်အနေဖြင့်ကော အဖြေရသည့်အထိ ပြင်းပြစွာကြဲ့ကြဲ့ခံလျက် ဆုတောင်းပါမည်လော။ သင်၏ဆုတောင်း သောအသက်တာနှင့် သင့်အသင်းတော်၏ဆုတောင်းသော အသက်တာက သမိုင်းကြောင်းကို အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ပြီး ယနေ့ ကျွန်ုပ်တို့၏ နိုင်ငံတွင် အထူးတည်ငြိမ်အေးချမ်းဖို့ရန် ပျက်စီးပြိုပျက်မှုများကို ပြန်လည်ပြောင်းလဲစေနိုင်မည်မှာ ဧကန်အမှန်ပင်ဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံရှိ မိသားစုအသက်တာတွင် မယုံနိုင်လောက်အောင်ပင် ကျိုးပဲ့ခြင်းတခုကို ကြုံတွေ့နေရပါသည်။ လူကျင့်ဝတ်နှင့်ဆိုင်သည့် မြင့်မြတ်သော နေရာများ၌ ကြုံတွေ့နေရပါသည်။ ဘုရား သခင်ထံ ဆုတောင်းသောသူတွေက ဘယ်နေရာတွင်ရှိနေကြပါသနည်း။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ဆုတောင်းသော လူမျိုးကို မွေးထုတ်ပေးသော နိုင်ငံတခုဖြစ်လာဖို့ရန်ဖြစ်သည်။ ယခု အချိန်တွင် ဆုတောင်း သည့် နေရာများ၌ ကျွန်ုပ်မြင်တွေ့ခဲ့ရသည့်အရာမှာ ကျွန်တော်တို့ နိုင်ငံကဆုတောင်းခြင်းကို အရေးမထားဘဲ ပေါ့ပေါ့တန်တန်ဖြင့်သာ တောင်းကြပါသည်။ ဘုရားသခင်၏ လူမျိုးများသည် နိုင်ငံအတွက် ဘုရားသခင်၏ တတ်စွမ်းနိုင်ခြင်းကို မစောင့်နိုင်ကြဘဲ ဆုတောင်းသည့် အချိန်များတွင်လည်း ယုံကြည်နိုင်ခြင်းမရှိကြပါ။

ဤသို့ ဘုရားသခင်နှင့် ရင်းနှီးဆက်သွယ်ခြင်းကိုကြာရှည် မလုပ်ဆောင်နိုင်သောအခါ မည်သို့သော အကျိုးရလဒ်က ထွက်ပေါ်လာပါသနည်း။

သို့ဖြစ်၍ ဘုရားသခင်၏ လူတွေက သူနှင့်ရင်းနှီးဆက်သွယ်မှု မလုပ်သောအခါ ဘုရားသခင်က သူ၏ ပန္နရိုက်ချက်ကို သတိရသောကြောင့် သူ၏ အမျက်ဒေါသကို ဆွလာလိုက်ဆလိုဖြစ်နေပါသည်။

ဤသို့သော အကြောင်းတရားများကြောင့် မောရှေက ဟောရပ်အရပ်၌ ထာဝရဘုရားကို အမျက်ထွက်စေသဖြင့် သင့်ကို ဖျက်ဆီးလောက်အောင် အမျက်ထွက်တော်မူ၏ဟု ပြောဆိုခဲ့ပါသည် (တရားဟော ၉း၈)။

သို့သော် ယခုတွင် ကျွသရေလအမျိုးကို မကြည့်ရှုပါနှင့် ဘုရားသခင်၏ ကျွသရေလအမျိုးကိုသာ ကြည့်ပါ အကယ်၍သင်သည် ဝိညာဉ်ရေးရာခေါင်းဆောင်တဦးသော်ငှင်း မိဘတဦးသော်ငှင်းဖြစ်ခဲ့လျှင် ဘုရားသခင်၏ လူမျိုးများကိုသူ၏ အမျက်ဒေါသဆွပေးသည့် နေရာတွင် ဖျက်ဆီးခဲ့သလိုပင် ယခုတွင်လည်း ကျွန်ုပ်တို့ကို ဘုရား သခင်၏ တန်းခိုးကြီးသော လက်တော်ကသာလျှင် ကာကွယ်ပေးနိုင်ပါသည်။ ဘုရားသ

ခင်က မောရှေထံသို့ သူတို့ ကျူးလွန်သောအပြစ်များကြောင့် သူ၏ လူမျိုးများအပေါ်တွင် အမျက်တော် ထွက်ခဲ့ပြီး အားလုံးကို ဖျက်ဆီးပစ်ကာ မောရှေကိုမူ ကောင်းကြီးပေးဖို့ရန် ပြောဆိုခဲ့ပါသည်။
အကယ်၍ မောရှေကဲ့သို့ ဘုရားသခင်က သင့်ကိုပြောဆိုမည်ဆိုလျင် သင်မည်သို့ တုန့်ပြန်ပါမည်နည်း။

ဤအရာက သင့်အသက်တာ၏ ဆုတောင်းမှတ်တမ်း၌ တင်ကျန်ခဲ့သည့် အရာပေါ်တွင်မူတည် လိမ့်မည်ဖြစ်သည်။ဘုရားသခင်ကို သင်မည်သို့ သိမြင်ပြီးလူတွေနှင့် သူ၏အကြား၌ သူတို့ရှင်သန်ဖို့အလို့ငှာ ကိုယ်စားပြု ရပ်တည်ပေးဖို့ရန်အတွက် ဘုရားသခင်၏ ဖိတ်ခေါ်ချက်ကို သင်မည်သို့ တွေးတောပါသနည်း။ တရားဟောကျမ်း ၉ နှင့် ၁၀တွင် မောရှေက ဘုရားသခင်၏ မျက်မှောက်တော်၌ တိုးဝင်ပြီးရက် ပေါင်းလေးဆယ် နေ့နှင့်ည ဘုရားသခင်၏ လူမျိုးအတွက် တောင်းခဲ့သည်ကို နှစ်ကြိမ်တိုင်လုပ်ဆောင်ခဲ့သည့် အကြောင်းကို ဖော်ပြထားပါသည်။

ဘုရား သခင်က သူ၏ လူမျိုးအားလုံးကို ရှင်းရှင်း ဖျက်ဆီးဖို့ရန်ပြောဆိုခဲ့ပါသည်။သို့သော် မောရှေ၏ နှလုံးသားမှ ပြင်းပြသောခံစားချက်နှင့် မားမားမတ်မတ်ရပ်တည် ဆုတောင်းခြင်းကို ဘုရားသခင်က ကြားသော အခါ ဖျက်ဆီးခြင်းမပြုတော့သည်ကိုတွေ့ရှိရပါသည်။

ဘုရားသခင်၏ စိတ်နှလုံးထဲမှာ ဘယ်အရာရှိသနည်း။

ဘုရားသခင်၏ စိတ်နှလုံးက မည်သို့သော စိတ်နှလုံးဖြစ်ပါသနည်း။ဘုရားသခင်၏ စိတ်သဘော ထားက မည်သို့သော စိတ်သဘောထားဖြစ်သည်ကို သိရှိဖို့ရန် သင်ပျက်ကွက်ခဲ့သော အရေးပါသည့် နောက်ဆုံး အချိန်က မည်သည့် အချိန်ဖြစ်ပါသနည်း။ သင်၏ သားသမီးများအတွက် ဘုရားသခင်၏ စိတ်သဘောထားက မည်သို့ရှိပါသနည်း။ ဘုရားသခင်က သူ၏ အသင်းတော်တပါးကို သူတို့၏ အပြစ်များကြောင့် သူ၏ ခေါ်ဆောင်ခြင်းကို ရပ်စဲနိုင်ပါသလား။ အသင်းတော်တပါးဆုံးရှုံးဖို့ရန် ဘုရားသခင် ခွင့်ပြုပါသလား။ ကျမ်းစာထဲတွင် သင်သည် ရှေးဦးစွာသော ချစ်ခြင်းမေတ္တာလျော့ပြီဟုဖော်ပြပြီး ဆက်လက်ဖော်ပြသည့်အရာမှာ ထိုကြောင့် သင်သည် မရွေ့လျော့မှီ အရင်နေရာအရပ်ကို အောက်မေ့လော့ နောင်တရလော့ရှေး ဦးစွာသော အကျင့်ကို ကျင့်လော့ သို့မဟုတ် သင်ရှိရာသို့ ငါသည် အလျင်အမြန်လာမည် နောင်တမရလျင် သင်၏ မီးခွက်ကို ရွှေ့မည်ဟု သတိပေးသောကြောင့် နောင်တရမပြောင်းလဲလျင် သူတို့ကို စွန့်ပစ်မည့်အကြောင်း အားတွေ့ရှိရပါသည်။

ဘုရားသခင်က သင်မသိဘူးသော ဆက်သွယ်ခြင်း အသစ်ထဲတွင် သူ့ကိုဆက်သွယ်ဖို့ရန် သင့်အ ပေါ်သို့ သူ၏ စိတ်နှလုံးကိုချပေးသည့် ဆုတောင်းခြင်းအတိုင်းအတာတခုအတွက် စတင်သွေးဆောင်သည့် အကြောင်းကိုကော သင်သိရှိပါသလား။ မောရှေက ဘုရားသခင်၏ စိတ်နှလုံးထဲတွင်ရှိသည့်အရာကို

သိရှိသောအခါ ချက်ချင်းပင် ကိုယ်စားပြုဖို့ရန် ဆုံးဖြတ်ခဲ့ပါသည်။ တနည်းအားဖြင့် ပြောရမည်ဆိုလျင် ဘုရားသခင်က သူ၏ နှုတ်ကပတ်ဖြင့် စကားပြောသောအခါ သူကို ယုံကြည်သောသူရှိသည့်နေရာအား ရှာဖွေ တွေ့ရှိပါသည်။

ဤ အရာက ဘုရားသခင် ရှာဖွေသောအရာဖြစ်ပြီး ကျွန်ုပ်တို့နိုင်ငံ၏ အထူးလိုအပ်ချက်လည်း ဖြစ်ပါသည်။ ဘုရားသခင်၏ လူမျိုးများကသာ ဤ ကဏ္ဍာကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး အခြားသောနိုင်ငံရေး သမားများက ဖြည့်ဆည်းနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏ လူမျိုးများတွင် သူ၏ စိတ်နှလုံးကို သိရှိဖို့ရန် ဘုရားသခင်အလိုရှိသောကြောင်း သူတို့မကြုံဖူးသေးသော နက်ရှိုင်းသည့် ရင်းနှီးဆက်သွယ်ခြင်းကို နှလုံးသား ထဲသို့ ထည့်ပေးသည့် အခွင့်အရေးကိုရရှိကြပါသည်။ သင့်အပေါ်မှာ ဘုရားသခင်က ဤသို့ လုပ်ဆောင်မည် ဆိုလျင် သင့်အနေဖြင့် အဆင်သင့်ရှိပါသလား။ ဘုရားသခင်၏ ရှေ့သို့ သင်ကလာပြီး ကိုယ်တော်ကျွန်ုပ်၏ အသက်တာကို အသုံးပြုနိုင် ပါသည်ဟု အသိပေးပြောဆို ပါသလား။ သင်သည် ဘုရား သခင်က သူ၏ စိတ်နှလုံးကို သင့်အပေါ်သို့ချဖို့ရန် ကိုးစားနိုင်ပါသည်။ သူက လုပ်ဆောင်ဖူးသည့်အတိုင်း သင့်အပေါ်တွင်လည်း လုပ်ဆောင်နိုင်ပါသည်။ ထို့ကြောင်း သင်၏ အသက်တာအားဖြင့် ကျွန်ုပ်တို့၏နိုင်ငံတော်၌ သူ၏ တန်ခိုးတော်နှင့် ပြည့်သော မျက်မှောက်တော် ထင်ရှားဖို့ရန်အတွက် သင့်ကိုအဆုံးပြုပါစေ။

ပြုပြင်ခြင်း၊ ကြံ့ကြံ့ခံခြင်း၊ ကြာရှည်ဆုတောင်းခြင်း

ဆုတောင်းခြင်းဆိုသည်မှာ သင်၏ အလိုတော်စိတ်သဘောထားကို ဘုရားသခင်ထံပြောဆိုဖို့အတွက် အခွင့်အရေးရယူခြင်းမဟုတ်ဘဲ သူ၏ စိတ်သဘောထားအလိုတော်ကို နှစ်သက်ဖွယ်ရာ မျက်မှောက်တော်ရှေ့၌ ပြောဆိုခြင်းဖြစ်ပါသည်။ ထိုနေရာတွင် ထိတွေ့မှုက သင့်ကိုအခြေခံ ပြောင်းလဲစေပြီး သင်၏ နေထိုင်ပုံ၊ ပြောဆိုပုံ၊ စီမံပုံ၊ အချိန်ယူပုံမှ အစ သင့်အသက်တာတခုလုံး ပြောင်းလဲမည်ဖြစ်သည်။သင်၏ နိုင်ငံက ခက်ခဲကြပ်တည်းမှု တခုထဲတွင် ကျရောက်နေသော အခိုက်အတန့်ဖြစ်သည်ဟု သင်ယူစပါသလား အခြေခံပြောင်းလဲခြင်းက လိုအပ် သည်ဟု ထင်မြင်ယူဆ ပါသလား။သူကို သိကျွမ်းသောသူတဦးအားဖြင့် ဘုရားသခင်တန်ခိုးတော်၏ တို့ထိမှုတခု လိုအပ် သည်ဟု ယုံကြည်ပါသလား။ ထို့အပြင် နှလုံးသားဆန္ဒကို သူ၏ တုန်းပြန်မှုရရှိသည့်တိုင်ပြင်းပြစွာ ဆုတောင်းသင့်သည့်အကြောင်းကိုကော သိရှိပါသလား။ အဘယ့်ကြောင့်ဆိုသော် အနည်းငယ် ဆုတောင်းရုံဖြင့် အရာရောက်နိုင်မည်မဟုတ်ဘဲ ပြင်းပြစွာဖြင့် ကြံ့ကြံ့ခံလျက် ကြာရှည်သော အချိန်ကို ယူကာ ဆုတောင်းရမည်ဖြစ်သည်။

လုကာအခန်းကြီး ၁၈တွင်ယေရှုက အားမလျော့ မရပ်မနားဘဲ ဆုတောင်းသင့်သည့် အကြောင်းကို ပြောဆို သွားခဲ့ပါသည်။ ဤအကြောင်းအရာကို မုဆိုးမကတရားသူကြီးထံ တောင်းလျှောက်သည့် အကြောင်းကို ပုံဆောင်ပြ ဥပမာ လေးဖြင့်ရှင်းပြကာ ရွေးကောက်တော်မူသော သူတို့သည်နေ့ညမပျက် အော်ဟစ် တောင်း

လျှောက်လျှင် ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲနေမည်လော။ ကြာမြင့်စွာ သည်းခံတော်မူမည်လောဟု ပြောဆိုခဲ့ပါသည်။ အဆုံးသတ်အနေဖြင့် ရင်နှင့်ဖွယ်ရာ မေးခွန်းတခုကတော့ သမ္မာ ကျမ်းစာအတိုင်း ကမ္ဘာပေါ်တွင် ယုံကြည်ခြင်းကိုတွေ့ရှိပါသလား။

အကယ်၍ ဘုရားသခင်က ကျွန်တော်တို့၏နှလုံးသားကို ကြည့်မည်ဆိုလျှင် သူကိုသိသော ပုဂ္ဂိုလ်နှင့် သူ၏မျက်မှောက်တော်၌ ပြင်းပြသည့်အချိန်ကို အသုံးပြုဖို့ရန် ဆက်ကပ်သောသူကို တွေ့ရှိပါမည်လော။ ကျွန်ုပ်တို့၏ နိုင်ငံတွင် ဤကဲ့သို့သော အချိန်နာရီ၌ ဘုရားသခင်က စိတ်နှလုံးအပေါ် တစုံတခုကို ဆောင်ရွက်ပါသည်။ သူ၏သားသမီးများက ဆုတောင်းသောအချိန်ကို သိရှိလျက် ဆုတောင်းကြဖို့ရန် ဘုရားသခင်ဆန္ဒရှိပြီးသူတို့ ကလည်း စိတ်နှလုံးအပြည့်နှင့် ဆုတောင်းကြဖို့ရန်ဖြစ်သည်။ သင့်အပေါ် ကျွန်ုပ်တခု မေးလိုပါသည်။ သင်၏ ကိုယ်ပိုင်ဆုတောင်းသောအသက်တာတွင် မိသားစုအနေဖြင့်သော်ငင်း၊ စုံတွဲအားဖြင့်သော်ငင်း၊ အသင်းတော် တပါးအနေဖြင့်သော်ငင်း ဘုရားသခင်၏ အလိုတော်အတိုင်း ရိုးသားမှုရှိသည်ဟု သင်ပြောဆိုနိုင်ပါသလား။

သင်၏ အသက်တာထဲတွင် မယုံနိုင်လောက်အောင် ဆုတောင်းခြင်း၏ ဝန်က ဘုရား သခင်၏ အလိုတော်ရှိသမျှကို ထည့်သွင်းဖို့ရန် နှိုးဆော်လျက် လှုပ်ရှားစေခဲ့ပါသလား။ သို့မဟုတ် ကျွန်တော်က ဘုရားသခင်၏ သားသမီး တဦးဖြစ်သော်ငြားလည်း ရိုးသားစွာ ပါဝင်ခြင်းမရှိပါဟု ပြောဆိုစရာရှိပါသလား။

သမ္မာကျမ်းစာ လမ်းကြောင်းအားဖြင့် ဘုရားသခင်က တစုံတခုကို လုပ်ဆောင်သောအခါ သူ၏ စိတ်နှလုံးကို ချပေးဖို့ရန် မျက်မှောက်တော်သို့ လာရောက်ဆုတောင်းမည့် ပုဂ္ဂိုလ်ကိုရှာဖွေနေပါသည်။ သင့်ကတော့ ဤ အရေးပါသောအချိန်တွင်ပါဝင်မည့်သူဖြစ်ပါသလား။ ဆုတောင်းချက်ထဲထည့် သွင်းမည့်အရာများကို သင်မသိသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်က သင့်ကို ပြောသည့် အရာတခုမှာ ဘုရားသခင်က သင်၏ အသက်တာကို ရှာဖွေနေသောကြောင့် ဤ အချိန်နာရီကို မကျော်ခိုင်းဖို့ရန်ဖြစ်ပါ သည်။ ဘုရားသခင်က သမိုင်းကြောင်းတကွေ့ပြောင်းလဲဖို့ရန် တမူထူးခြားစွာ လုပ်ဆောင်တတ်သောသူဖြစ်သောကြောင့် သင့်အသက်တာကိုသိမြင်ကာ ဆုတောင်းနိုင်ဖို့ရန် ညွှန်ကြားပြသမည်ဖြစ်သည်။ တမန်တော် ပေါလုက ဤ နည်းလမ်းကို ဤ သို့တင်ပြခဲ့ပါသည်။ ထို့ကြောင့် ငါတို့သည် နေမြဲအရပ်၌နေသည်ဖြစ်၍ ကွာဝေးရာအရပ်၌ နေသည်ဖြစ်စေ သခင်ဘုရား နှစ်သက်တော်မူသော သူဖြစ်ခြင်းငှာ စေတနာစိတ်ရှိ၍ ကြိုးစားအားထုတ်ကြ၏။ အကြောင်းမူကား ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ ကျင့်သောအကျင့်ကောင်း မ ကောင်းရှိသည်အတိုင်း အကျိုးအပြစ်ကိုခံခြင်းငှာ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်။ သို့ဖြစ်၍ ဘုရားသခင်နှင့် ဆိုင်သောကြောက်မက်ဖွယ်ရာအကြောင်းတို့ကို ငါတို့သိလျှင် လူများကိုနှိုးဆော် သွေးဆောင်

ရမည်ဖြစ်၍ ဘုရားသခင်ရှေ့တော်၌ထင်ရှားကြ၏။ သင်တို့၏ စိတ်ရှိ၌ ထင်ရှားကြမည်ဟု ငါထင်မှတ်၏ (၂ကော ၅း၉-၁၁)။

သင်၏ မိသားစု၊အသင်းတော်၊မြို့၊ တိုင်းနိုင်ငံ၏ သမိုင်းကြောင်းကို ပြောင်းလဲစေမည့် ဘုရားသခင် အားဖြင့် ဆုတောင်းသော ပုဂ္ဂိုလ်တဦးဖြစ်ဖို့ရန် သင့်အသက်တာကို မည်သည့်အရာက နိုးဆော်ပါသနည်း။ ကျွန်ုပ်တို့က သူ့ကို အားကိုးလျက် ချဉ်းကပ်မည်ဆိုလျှင် သူသည် သစ္စာနှင့်ပြည့်ဆုံသောသူဖြစ်ကြောင်းကို ကျွန်ုပ်တို့ သဘောပေါက် သိရှိကြမည်ဖြစ်သည်။ သင်ကကော ဤသို့သော သူတဦးဖြစ်လိုပါသလား။ သင့် အတွက်တော့ ကျွန်ုပ်က ဆုံးဖြတ်ချက်မပေးနိုင်ပါ။ ဘုရားသခင်ကတော့ သင်၏ ရှေ့လျှောက်လုပ်ဆောင်မည့် အရာကို စောင့်ကြည့်နေပါသည်။ ဘုရားသခင်၏ သမ္မာတရားကို သင်သိရှိသောအခါ သင်၏ ရှေ့ဆက် လုပ်ဆောင်ရမည့်အရာမှာ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းပင်ဖြစ်ပါသည်။ ချိန်ခွင်ကတော့များစွာ ရှိပါသည်။ ယခုတွင် လူတွေအတွက်ချိတ်ဆွဲထားသည့် ထာဝရချိန်တွယ်သောချိန်ခွင်ကို သင်ကဆုပ်ကိုင် နေပြီ ဖြစ်သည်။

ဘုရားသခင်ကို ချဉ်းကပ်လျှင် သူကပြန်လည်ချဉ်းကပ်မည်

"Draw Near To God And He Will Draw Near To You"

By Rich Carmicheal

ဘုရားသခင်၏ လိုအင်ဆန္ဒမှာ ကျွန်ုပ်တို့နှင့်အတူမိတ်သဟာရရင်းနှီးဆက်သွယ်ဖို့ပင် ဖြစ်သည်။ ဧဒင် ဥယျာဉ်ထဲရှိ အာဒံနှင့်ဧဝတို့နှင့် သူ၏လူမျိုးများထံ ကတိပြုခဲ့သည့်(ကမ္ဘာဦး ဥးစနှင့်ဗျာဒိတ် ၂၁း၃) ကျမ်းပိုဒ်များကို လေ့လာခြင်းဖြင့် ဤအကြောင်းကို ရှင်းလင်းစွာသိရှိရပါသည်။ သူသည် ကျွန်တော်တို့သဘောပေါက် နားလည်သည့် အရာထက်ကျော် လွန်သောချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်တို့ကို ချစ်သောသူဖြစ်သည်။ သို့ဖြစ်သော ကြောင့် သူ၏ ဆန္ဒသဘော ထားမှာ ကျွန်တော်တို့က သူ့အပေါ်စိတ်နှလုံးရှိသမျှ ကိုယ်စွမ်း ရှိသမျှဖြင့် ချစ်ဖို့ ရန် ဖြစ်သည်။ (မာကု ၁၂း၃၀) နောက်ဆုံးတွင်သူက ကျွန်ုပ်တို့၏အသက်တာကို သူနှင့် နက်နဲသော မိတ်သဟာရထဲသို့ ဆောင်ယူခဲ့ပါသည်။ အကယ်၍ ကျွန်တော်တို့က ရင်းနှီးမိတ်သဟာရဖွဲ့ခြင်းမှ လမ်းလွဲပါ ကလည်း နောင်တ တရားဖြင့် သူထံသို့ ပြန်ဖို့ရန် လမ်းခင်းပေးပါသည်။

ကျွန်ုပ်တို့၏ ဖီလာဒ်အမှုထမ်းများကလည်း သူနှင့်နက်ရှိုင်းသည့် မိတ်သဟာရထဲသို့ ချဉ်းကပ်ခြင်းသည် တိကျသော သတင်းစကား၏အနှစ်သာရနှင့် သခင်ဘုရား၏ ရည်ရွယ်ချက်ဖြစ်ကြောင်းကို လက်ခံယုံကြည်ကြ ပါသည်။ အကယ်၍ သင့်အနေဖြင့် သူနှင့်အတူနီးကပ်စွာ လျှောက်လှမ်းခဲ့ပြီဆိုလျှင်သာ၍ နက်ရှိုင်းသော မိတ်သဟာရလုပ်ဆောင်ဖို့ရန် သူအလိုရှိပါသည်။ အကယ်၍ သင့်အနေဖြင့် သူနှင့် အတူနီးကပ်စွာ လျှောက်

လှမ်းခြင်းမရှိသေးပါက စိတ်နှလုံးအကြွင်းမဲ့ဖြင့် သူ့ကို ရှာဖွေဖို့ရန် သင့်ကို အလိုရှိပါသည်။ သင်၏အခြေအ နေနောက်ကျနေပါကလည်း ဘုရားသခင်က သူ၏ဂရုဏာတော်ဖြင့် နောင်တတရားရရှိဖို့ရန် ဦးဆောင် လမ်းပြ လျက် အံ့ဘွယ်သော ဆုလာဒ်တခုရရှိဖို့ရန် စဉ်းစားပေးပါသည်။ (ရောမ ၂း၄) သင့်နှလုံးသားကို သူ့ထံ၌ဖွင့်ချ လိုက်ပါ။ အဘယ့်ကြောင့်ဆိုသော် သူသည်သူ့ကို ရှာဖွေသောအခါ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ရှာဖွေလျင်သာ တွေ့နိုင်သည့် အကြောင်းကို ဂတိပေးခဲ့သောကြောင့် ဖြစ်ပါသည်။(တရား ၄း၂၉)

ဘုရားသခင်ကို လိုလားတောင့်တခြင်း

ဒါဝိတ်၏ ဘုရားသခင်အပေါ် လိုလားတောင့်တသော စိတ်ဆန္ဒက ကျွန်ုပ်တို့အတွက် ဥပမာတခုပင် ဖြစ်ပါသည်။ အိုကိုယ်တော်သည် ဘုရားသခင်ဖြစ်တော်မူ၏။ ကိုယ်တော်ကို ကြိုးစား၍ရှာပါ၏။ ရေမရှိ သွေ့ခြောက်သောလွင်ပြင်၌ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကိုငတ်ပါ၏။ အကျွန်ုပ်၏ ကိုယ်ခန္ဓာသည် လည်း ကိုယ်တော်ကို လွမ်းဆွတ်ပါ၏။ ဘုန်းတန်းခိုးအာနုဘော်ကို မြင်စေခြင်းငှာ သန့်ရှင်းရာအရပ် အာနုဘော်၌ ထိုသို့ကိုယ်တော်ကိုဖူးမျှော်ပါပြီ။ ကရုဏာတော်သည် အသက်ထက်သာ၍ ကောင်းသောကြောင့် အကျွန်ုပ်၏ နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းပါမည်။ (ဆာလံ ၆၃း၁-၃) ထာဝရဘုရား၏ တင့်တယ်ခြင်း အသရေ တော်ကို ဖူးမြင်၍ ဗိမ္မာန်တော်၌ မွေ့လျော်ခြင်းအလို့ငှာ ထာဝရ ဘုရား၏ အိမ်တော်မှာ တသက်လုံး နေရမည် အကြောင်းတည်း ဟူသော အခွင့်တခုကိုရှာရဦးမည်။ (ဆာလံ ၂၇း၄) ငါမျက်နှာကို ရှာလော့ဟူ သောအမိန့်တော် ကို ရှေ့တော်၌ အကျွန်ုပ်သတိပြုလျက် အိုထာဝရဘုရား ကိုယ်တော်၏မျက်နှာကို ရှာပါမည် (ယော ၈)။

မှတ်သားရမည့်အချက်တခုမှာ ဒါဝိတ်သည် ဘုရားသခင်ရှေ့၌ အပြစ်ပြုမိသည့် အကျိုးဆက်အတွက် ဤသို့ဆုတောင်းပဌနာကို လျှောက်တင်ခဲ့ပါသည်။ ကိုယ်တော်ကို ပြစ်မှားပါပြီ။ ကိုယ်တော်ကိုပြစ်မှား၍မျက် မှောက်တော်၌ မတရားသောအမှုကို ပြုပါပြီ။ သို့ဖြစ်၍ မိန့်တော်မူချက်သည်ဖြောင့်ပါ၏။ တရားစီရင်ချက် သည် အပြစ်လွတ်ပါ၏။ အကျွန်ုပ်ကို အထံတော်ထဲမှ နှင်ထုတ်တော်မမူပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်ကို မရုတ် သိမ်းပါနှင့်။ (ဆာလံ ၅၁း၄၊ ၁၁) ဒါဝိတ်သည် ပြည့်စုံသောကြောင့် ဘုရားသခင်က ရွေးချယ်ခြင်း မဟုတ်ပါ။ ဘုရား သခင်၏ စိတ်တော်ကို ထိတွေ့သောကြောင့် ဖြစ်ပါသည်။ သူက ဘုရားသခင်ကို ချစ်ပြီး သူနှင့် ရင်းနှီး ဆက်သွယ်ဖို့ရန် ဆန္ဒရှိသောသူ ဖြစ်သည်။ သူက ဘုရားသခင်၏နှုတ်ကပတ်နှင့် လမ်းခရီးကို နှစ်သက်မြတ်နိုးသူ ဖြစ်ကြောင့် စိတ်ထက်သန်လျက် ဘုရားသခင်ကို ကျေနပ်စေသောသူဖြစ်သည်။ အခက်အခဲ၊ မကြေပ်အတည်းကြားမှလည်း ဘုရားကို ကိုးစားသူ ဖြစ်သည်။ ထို့အပြင် ကျေးဇူးတော်ကို ချီးမွမ်းသောသူဖြစ်ပြီး ခပ်သိမ်းသောအရာ၌ ဘုရားသခင်၏အစွမ်းအာနုဘော်ကို တွေ့မြင်ဖို့ရန် ဆန္ဒရှိသော သူဖြစ်သည်။

ဘုရားသခင်၏ ချဉ်းကပ်ချိန်

ဘုရားသခင်က သူ့အပေါ် ကျွန်တော်တို့က ပြင်းပြသောဆန္ဒကိုရှိစေချင်ပါသည်။ ယခုရှိရင်းစွဲ အာရုံပြုမှု ထက်ပိုသော တောင့်တမှုဖြင့် ကျွန်တော်တို့က စိတ်နှလုံးကိုပေးကြဖို့ရန် အလိုရှိသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကိုဖန်ဆင်းခြင်းသည် သူနှင့်အတူ မိတ်သဟာရရင်းနှီးဆက် သွယ်ဖို့ရန် ဖြစ်သောကြောင့် ဖြစ်သည်။ သူသည် သမ္မာတရားဖြစ်သလို အသက်ရှင်သောဘုရားလည်းဖြစ်ပါသည်။ ကျွန်ုပ်တို့က သူ့အတွက် ကိုယ်စွမ်း ရှိသမျှဖြင့် လုပ်ဆောင်ပြီးချစ်ခြင်း မေတ္တာဖြင့် ကိုးကွယ်ဖို့ရန်ဖြစ်ပါသည်။ ဤသို့ ကျွန်ုပ်တို့က ရှာဖွေပါက သူကလည်း ကျွန်ုပ်တို့ကို ချဉ်းကပ်လာမည်ဖြစ်သည်။ ဘုရားသခင်ကို ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်လာ လိမ့်မည်။ (ယာကုပ် ၄း၈) ဘုရားသခင်က ချဉ်းကပ် လာသောအခါ မည်သို့ဖြစ် လာပါသနည်း။ ကျွန်ုပ်တို့ကို ချစ်ခြင်းမေတ္တာဖြင့် တို့ထိပါသည်။ အထူးသဖြင့် သူ၏သမ္မာတရား၊ အောင်မြင်ခြင်း၊ အစွမ်းသတ္တိ၊ သူ၏မျော်လင့်ချက်၊ ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းတို့ ပါဝင်သော တို့ထိခြင်းမျိုးဖြစ်သည်။

ဤသို့ လုပ်ဆောင်သောအခါ ကျွန်ုပ်တို့၏ အသက်တာ၌ကြွယ်ဝသောကောင်းကြီးသာမကဘဲ ကျွန်ုပ်တို့၏ အသက်တာ၌ သူ့အားဖြင့် အခြားသူများကလည်း ကျွန်ုပ်တို့၏လုပ်ဆောင်ချက်ကြောင့် သူ၏ ဘုန်းတော် ထင်ရှားကာ ကောင်းကြီးမင်္ဂလာကို ခံစားကြရပါသည်။ ထို့ကြောင့် နှစ်သစ်ကို အစပြုလျက် ကျွန်ုပ်တို့၏ အချိန်ကို သူ၏နှုတ်ကပတ်တော်ထဲ၌ ဆုတောင်းခြင်းနှင့် ရင်းနှီးဆက်သွယ်ခြင်းဖြင့် ကျွန်ုပ်တို့ အသက်တာကို ဆက်ကပ်နိုင်ပါသည်။ ဤသို့ ဆက်ကပ်ခြင်းသည် ကျွန်ုပ်ကသူ၏ဆန္ဒသက်သက်ကို ဖြည့်ဆည်းခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့ အသက်တာအတွက်လည်း လိုအပ်သော အရာပင် ဖြစ်သည်။

အကျွန်ုပ်၏ချို့ကိုကားကြံ့ချို့ကဲ့သို့ ခြိုးမြောက်၍ အကျွန်ုပ်ကို အသစ်သော ဆီနှင့်လိမ်း တော်မူလိမ့်မည်။ ထိုသို့သောအားဖြင့် ငါ၏ကျောက်ထာဝရဘုရားသည် ဖြောင့်မတ်တော် မူ၍ မတရားသောအမှုနှင့် ကင်းလွတ် တော်မူသည်ဟု ထင်ရှားလိမ့်မည်။ (ဆာလံ ၉၂း၁၀၊ ၁၅)

ကျွန်ုပ်တို့၏ အပြစ်များ ဝန်ချမှို့ရန်လို့အပ်ခြင်း

The Need To Confess Our Own Sins

By D.L Moody

ကိုယ့်အပြစ်ကို ဝန်ချဖော်ပြတောင်းပန်လျင် ငါတို့အပြစ်များကိုလွတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင် စေခြင်းငှာ ဘုရားသခင်သည် သမ္မာတရားနှင့် ၎င်းဖြောင့်မတ်ခြင်းတရားနှင့် ၎င်းပြည့်စုံတော် မူ၏။ (၁ယော ၁း၉)

မိမိအပြစ်ကို ဝှက်ထားသောသူသည် ချမ်းသာမရ၊ မိမိအပြစ်ကို ဖော်ပြဝန်ချ၍ စွန့်ပစ်သောသူမူ ကား ကရုဏာတော်ကို ခံစားရလိမ့်မည်။(သုတ္တံ ၂၈း၁၃)

အချင်းချင်းတစ်ယောက်ကို တစ်ယောက်အပြစ်များကို ဝန်ချတောင်းပန်ကြလော့။ ချမ်းသာရ မည်အကြောင်း အချင်းချင်းတို့အဘို့ ဆုတောင်းကြလော့။ (ယာကုပ် ၅း၁၆) ကျွန်ုပ်တို့ ခရစ်ယာန်များအနေဖြင့် အပြစ်များကိုဝန်ချတောင်းပန်ခြင်းသည် ကောင်းသောအရာတခုကို လုပ်ဆောင်ခြင်းပင် ဖြစ်သည်ဟု ထင်မြင် ယူဆပါသည်။ သမ္မာကျမ်းစာကို ပြန်လည်ဆန်းစစ်သောအခါ ဘုရားသခင်နှင့် အနီးကပ်အသက်ရှင် သူများက သူတို့၏အပြစ်များကို ဝန်ချတောင်းပန်သော သူများဖြစ်ကြပြီး ထူးကဲသော အစွမ်းသတ္တိကိုရရှိခဲ့သူများဖြစ် ကြောင်း တွေ့ရှိရပါသည်။ ဒံယေလက သူ၏အပြစ်များနှင့် သူ့လူမျိုးများ၏အပြစ်များကို ဝန်ချ တောင်းပန် ခဲ့ပါသည်။ သို့ဖြစ်သောကြောင့် ဒံယေလအပေါ် ပြစ်တင်ရှုတ်ချသည့်မှတ်တမ်းမရှိခဲ့ပါ။ သူက ကမ္ဘာ့ စာမျက်နှာ တွင် အကောင်းဆုံးသောပုဂ္ဂိုလ်တပါးဖြစ်ခဲ့သည်။ သူက နက်ရှိုင်းသောနှိမ့်ချခြင်းဖြင့် ဝန်ချ တောင်းပန်သူအဖြစ် မှတ်တမ်းတင်ရမည့်သူဖြစ်ပြီး စိတ်ရှည်သည်းခံခြင်းဖြင့် ဝန်ချသောသူ အဖြစ်ကိုးကားပြောဆိုနိုင်ပါသည်။

သူဝန်ချပြောဆိုသောစကားလုံးများကို ကြည့်သောအခါ အခြေအနေ(၆)မျိုးကို ဝန်ချကာ သူ၏ လူမျိုး များအတွက် တောင်းပန်သည်ကို တွေ့ရှိရပါသည်။ ပထမအချက်- ကျွန်ုပ်တို့ပြစ်မှားပါသည်။ ဒုတိယ-ကျွန်ုပ်တို့ ဒုစရိုက်ကိုကျူးလွန်ကြပါသည်။ တတိယ- ကျွန်ုပ်တို့ မတရားသဖြင့် ကျင့်မိကြပါသည်။ စတုတ္ထ-ကျွန်ုပ်တို့ ကိုယ်တော်ကို ပုန်ကန်မိကြပါသည်။ပဉ္စမ- ကျွန်ုပ်တို့ ကိုယ်တော်၏တရားလမ်းမှ လွဲမိကြပါသည်။ ဆဋ္ဌမ- ကျွန်ုပ်တို့ ရှင်ဘုရင်၊ မင်းသား၊ အသက်ကြီးသူမှစ၍ ကိုယ်တော်၏ကျွန်များ ပရောဖက်တို့၏ စကားများကို နားမထောင်ဘဲ နေကြပါသည်ဟူ၍ ဝန်ခံခဲ့ပါသည်။ (ဒံယေလ ၉း၅-၆)

ဤဒံယေလတို့၏ ဝန်ခံချက်(၆)ချက်သည် ကျွန်ုပ်တို့အတွက် အထူးဆင်ခြင်တွေးတောရမည့် အရာ တခုပင်ဖြစ်သည်။ ယောဘက သန့်ရှင်းသောတယောက်ဖြစ်သည့် အကြောင်းကိုတော့ အထူးသံသယရှိစ ရာ မရှိသည့်အချက် ဖြစ်ပါသည်။ သူသည် အောင်မြင်သောပုဂ္ဂိုလ်တပါး ဖြစ်ပါသည်။ သို့သော် သူ၏အပြစ် ကို မြေမှုန့်ထဲလူးလျက်တောင်းပန်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်သည်။ (ယောဘ ၂း၆) ဟေရှာယက ဘုရားသ ခင်၏ စင်ကြယ်သန့်ရှင်းခြင်းကို မြင်တွေ့ရချိန်၌ ဤသို့ အသံပြုမိပါသည်။ ငါက အမင်္ဂလာရှိ၏။ အကျိုးနည်း ပြီ။ အကြောင်းမူကား ငါသည် ညစ်ညူးသောနှုတ်ခမ်းရှိလျက် ညစ်ညူးသောနှုတ်ခမ်းရှိ လူမျိုးများကြား ရှင်နေလျက်နှင့် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုယ်တိုင်မျက်စိနှင့် မြင်လေပြီတကားဟု ဆိုခဲ့ပါသည်။(ဟေရှာယ ၆း၅)

ကျွန်ုပ်ခိုင်မာစွာ လက်ခံသည့်အရာမှာ ဘုရားသခင်၏အသင်းတော်က ကျေးဇူးတော် လုပ်ဆောင် ချက်တခုခုကို မစခင်၌ အသင်းတော်၏အပြစ်များကို ဖော်ပြတောင်းပန်ဖို့ အရေးပင်ဖြစ်ပါသည်။ အဘယ်

ကြောင့်ဆိုသော် ဘုရားသခင်၏ ယုံကြည်သူများကြား၌ အထူးလုပ်ဆောင်ရမည့် အသင်းတော်ဖြစ်သော ကြောင့်ဖြစ်ပါသည်။ တခါတရံ ကျွန်ုပ်စဉ်းစားမိသည့်အရာမှာ ယခုအချိန်သည် မယုံကြည်သူများထဲ ဝင်ရောက်ခြင်း ထက် ခရစ်ယာန်ဖြစ်လာမည့်သူများကို ဝင်ရောက်ဖို့ရန်ပင်ဖြစ်သည်။ အကယ်၍ အသင်းတော်၌အသက်တာ၏ မြင့်မြတ်သောအခြေအနေတခုကို ကျွန်ုပ်တို့ရရှိကြမည်ဆိုလျှင် နိုင်ငံတော်ထဲသို့ ထောင်ချီထက်ပိုသော အစုအဖွဲ့ဖြစ်လာမည် ဖြစ်သည်။

သို့ဖြစ်သောကြောင့် ဘုရားသခင်ကို ယုံကြည်သောသားသမီးများက အရင်ကကျူးလွန်ခဲ့သော ရုပ်တု ကိုးကွယ်မှုများနှင့် သူတို့၏အပြစ်များကို စွန့်လွှတ်ထားပစ်ကြသောအခါ ထာဝရဘုရားကို ကြောက်ရွံ့ ရိုသေမှုက သူတို့ထံသို့ ဝင်ရောက်လာမည်ဖြစ်သည်။ ကွာသရေလများ၏ သမိုင်းကြောင်းကို ကြည့်ကြမည်ဆို လျှင် သူတို့က ရုပ်တုများကို စွန့်ပစ်ကြသောအခါမှသာလျှင် ဘုရားသခင်သည် သူတို့၏တိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ပြီး ကျေးဇူးတော်၏ကြီးမားသော လုပ်ဆောင်ချက်က အကောင်ထည်ပေါ်လာသည် ကို တွေ့ရှိရပါသည်။

လူတွေကအလေးမပေးသည့်–ဘုရားသခင်

ဘုရားသခင်ကစိတ်နှလုံးထဲသို့ ဝင်လာပြီး အပြစ်စီရင်သောအခါ ရှင်ဘုရင်နှင့် သူတောင်း စားဟူ၍ ခွဲခြားမှုမရှိပါ။ Richard Sibbes Quintlyက ဝန်ချတောင်းပန်ခြင်းအကြောင်းကို ပြောသောအခါ ဘုရား သခင်ထံသို့ ဘုန်းအသရေကို ပေးမည့်နည်းလမ်းဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကို ဘုရားသခင်ထံ ဖွင့်ချသောအခါ စာတန်ကသူလုပ်ဆောင်နိုင်သည့် နည်းလမ်းအတိုင်း ဆန့်ကျင်မှုများစွာဝင် ရောက်လာမည်ဖြစ်သည်။ မည်သို့သောအရာအား စာတန်က သေခြင်းတရား၏ တရားစီရင်မည့်နေ့၌ ကျွန်ုပ်တို့ အတွက် စွပ်စွဲချက်များကို ချထားမည်ကို စဉ်းစားတွေးတောကြဖို့ရန် ဖြစ်သည်။ ကျွန်ုပ်တို့အပေါ် လေးလံသည့် စွပ်စွဲချက်များစွာကို သူကချထား ပါလိမ့်မည်။ သူချမထားခင် ကျွန်ုပ်တို့ကိုယ်တိုင်က ဆန့်ကျင်ပ ထုတ်ဖို့ရန် ဖြစ်သည်။

ကျွန်ုပ်တို့က ဆန့်ကျင်ပထုတ်မှုများများဖြင့် ကိုယ်တိုင်စစ်ကြောစီရင်ကာ စိတ်နှလုံး၌ စီရင်ရာရုံး တခု ကို ချထားရမည်ဖြစ်သည်။ မယုံနိုင်စရာ ကိစ္စတခုခုက လိုက်လာမည်မှာတော့ အသေအချာပင် ဖြစ်ပါသည်။ (၁ကော ၁၁း၃၁) ယောနကို ချီ၍ ပင်လယ်ထဲသို့ ပစ်ချကြ၏။ ထိုအခါ ပင်လယ်လှိုင်းတံပိုး ငြိမ် လေ၏။ (ယောန ၁း၁၅) အာခမ်ကို ကျောက်ခဲနှင့်ပစ်ကြပြီး ပလိပ်ရောဂါ ငြိမ်းလေ၏။ (ယောရှု ၇း၂၅-၂၆) အာခမ်နှင့် ယောနကို ပထုတ်ပြီးမှ ငြိမ်သက်ခြင်းက ရောက်လာသလို သင်၏အသိတရားက အံ့သြဖွယ်ရာ ငြိမ်သက်ခြင်းကို ရရှိလိမ့်မည်ဖြစ်သည်။ Thomass Fuller က လူတွေ၏အားနည်းချက်သည် ဘုရား သခင်အတွက် သိုလောင်

ထားသောအရာ တခုသာဖြစ်ပြီး သူပဲ့ပိုးသော ကျေးဇူတော်အကိုင်းခက်၏ အခြေခံသ ဘောတရား ဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။ ဒါဝိတ်၏ဆုတောင်းချက်ကို ပြန်လည်ဆင်ခြင် စေလိုပါသည်။

အိုဘုရားသခင် အကျွန်ုပ်ကိုစစ်ကြော၍ အကျွန်ုပ်၏နှလုံးကိုသိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အဆင်များကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည်မလိုက်သည်ကို ကြည့်ရှု၍ ထာဝရလမ်းထဲသို့ သွေးဆောင်တော်မူပါ။ (ဆာလံ ၁၃၉း၂၃-၂၄)

အယောက်စီတိုင်းက အထက်ပါကျမ်းပိုဒ်ကို နှလုံးသွင်းကြဖို့ရန် ကျွန်ုပ်ဆန္ဒပြုလိုပါသည်။ ဤဆုတောင်းချက်ကို နေ့တိုင်းမှန်မှန်လုပ်ဆောင်မည်ဆိုလျင် ကျွန်ုပ်တို့ အသက်တာ၌ကောင်းမွန်သော ရလာဒ်တခုကို ရရှိမည်ဖြစ်သည်။

ငါ့ကိုရှာလော့–အိမ်နီးခြင်းကိုရှာဖို့မမှာတော်ပါ

သူတပါးအတွက် ဆုတောင်းပေးဖို့ရန် လွယ်ကူသော်လည်း ကိုယ့်အိမ်အတွက်က ခက်ခဲနေပါသည်။ ကျွန်ုပ်ပူပန်မိသည့်အရာမှာ ဘုရားသခင်၏ လုပ်ငန်းစဉ်ထဲ၌ သာ အချိန်ကုန်မြုပ်နှံပြီး ကိုယ့်ကိုယ်ပိုင် ဥယျာဉ်ကို မေ့လျော့တတ်ကြခြင်း၏ စိုးရိမ်ဖွယ်ရာ အခြေအနေကို ဖြစ်ပါသည်။

ဘုရားသခင်၏စစ်ကြောခြင်းနှင့် ကိုယ့်ကိုကိုယ်စစ်ကြောခြင်းက မတူကွဲပြားပါသည်။ ကျွန်ုပ်စိတ်နှလုံးကို ကျွန်ုပ်က စစ်ကြောပြီးကောင်းသည်ဟု ပြောတတ်ပါသည်။ သို့သော် ဘုရားသခင်က ကျွန်ုပ်ကိုစစ်ကြောသောအခါ ဖယောင်းတိုင်မီးရောင်အတွင်း ကောင်းသောအရာများကပေါ်လွင်ထင်ရှားလာပြီးဖြစ်သည့် အကြောင်းတရားများကိုတော့ ကျွန်ုပ်က မသိနိုင်တော့ပါ။

အကျွန်ုပ်၏ အတွေးကို သိမြင်ပါ။

ကျွန်ုပ်တို့၏ အတွေးများကို ဘုရားသခင်ကြည့်ရှုနေပါသည်။ ကျွန်ုပ်တို့၏ တွေးတောချက် များကကောဖြူစင်ပါသလား။ ကျွန်ုပ်တို့၏စိတ်နှလုံးအတွေး၌ ဘုရားသခင်ကို ဆန့်ကျင်နေပါသလား။ (သို့) သူ၏လူတွေကိုသော်ငင်း တဦးတယောက်ကိုသော်ငင်း၊ လောကကြီးကိုသော်လည်းကောင်း ဆန့်ကျင်နေပါသလား။ အကယ်၍ ဆန့်ကျင်မှုရှိခဲ့မည်ဆိုလျင် ဘုရားသခင်၏အမြင်မှာ ကျွန်ုပ်တို့က မမှန်ကန်သူများသာ ဖြစ် ပါသည်။ ဘုရားသခင်ကတော့ အယောက်စီတိုင်းကို စစ်ဆေးနေပါသည်။ ဒါဝိတ်၏ဆုတောင်းချက်ထက် သာသော ဆုတောင်းချက်မျိုးကို ကျွန်ုပ်တို့ လုပ်ဆောင်နိုင်ကြလိမ့် မည်ဟုမထင်ပါ။

အကယ်၍ ဘုရားသခင်ကသာ ကျွန်ုပ်တို့ကိုစစ်ကြောမည်ဆိုလျင် ကျွန်ုပ်တို့အသက်တာ၌ ဝန်ချစရာ က အများကြီးရှိနေပါလိမ့်မည်ဟု ဆင်ခြင်မိပါသည်။ ဘုရားသခင်၏ ဥပဒေသလမ်းစဉ်နှင့် ကျွန်ုပ်တို့ကို စစ်ဆေးမည်ဆိုလျှင် ကျွန်ုပ်တို့၌ပြုပြင်ပြောင်းလဲစရာများစွာရှိကြလိမ့်မည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့၌ မှားယွင်းမှု

များရှိပါကလည်း တွေ့မြင်နိုင်ဖို့ရန်အတွက် ဘုရားသခင်ထံ စစ်ဆေးမှုကိုခံယူဖို့ရန် တောင်း လျှောက်ကြပါစို့။ အဘယ့်ကြောင့်ဆိုသော် ကျမ်းစာထဲတွင် သန့်ရှင်း မြင့်မြတ်သောပုဂ္ဂိုလ်များပင်လျှင် မှားယွင်းမှုကြောင့် ကျဆုံး သွားကြသည်ဆိုလျှင် ကျွန်ုပ်တို့ အသက်တာ၌ ရှိသောအရာများကိုတွေ့ရှိဖို့ရန် ကျွန်ုပ်တို့ အားထုတ်လျက် မဖယ်ရှားနိုင် သောအရာများကို ဘုရားသခင်က ဖယ်ရှားပထုတ်ပေးနိုင်သည် မဟုတ်ပါလား။

ဆာလံ ၅၁ ရှိ ဒါဝိတ်၏ဆုတောင်းပဌနာကို ပြန်လည်ပြီး ဆင်ခြင်စေလိုပါသည်။ အိုဘုရားသ ခင် ကျေးဇူးပြုချင်သောစေတနာစိတ်တော်ရှိသည်အတိုင်း အကျွန်ုပ်ကို သနားတော်မူပါ၊စုံမက်တော်မူခြင်း ဂရုဏာ များပြားသည်နှင့်အညီ အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကို ဖြေတော်မူပါ။ ဒုစရိုက်အညစ်အကြေးကို အကုန် ဆေးကြော၍ အကျွန်ုပ်ကိုသန့်ရှင်းစေတော်မူပါ။ အကျွန်ုပ်လွန်ကျူးပါပြီဟု ဝန်ချလျက် ကိုယ့်အပြစ် ကို အစဉ်မပျက် အောက်မေ့လျက်နေပါ၏။ ကိုယ်တော်ကို ပြစ်မှားပါပြီ၊ ကိုယ်တော်ကိုသာ ပြစ်မှား၍မျက် မှောက်တော်၌ပင် မတရားသောအမှုကိုပြုပါပြီ။ သို့ဖြစ်၍ မိန့်တော်မူချက်သည် ဖြောင့်ပါ၏။တရားစီရင် တော်မူချက်သည် အပြစ်လွတ်ပါ၏။ အကျွန်ုပ်ကို စင်ကြယ်စေခြင်းငှာ ဥသုပ်ပင်ညွှန်းနှင့် သန့်ရှင်းခြင်း မင်္ဂလာကို ပေးတော်မူပါ။ အကျွန်ုပ်ကို မိုးပွင့်ထက်သာ၍ ဖြူစင်စေခြင်းငှာ ဆေးကြောတော်မူပါ။ အိုဘုရား သခင်မင်္ဂလာကို ပေးတော်မူပါ။ အကျွန်ုပ်ကို မိုးပွင့်ထက်သာ၍ ဖြူစင်စေခြင်းငှာ ဆေးကြောတော်မူပါ။ အို ဘုရားသခင် အကျွန်ုပ်ထဲ၌ စင်ကြယ်သောနှလုံးကိုဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သော သဘောကို အသစ် ပြုပြင်တော်မူပါ။ အကျွန်ုပ်ကို အထံတော်ထဲမှနှင်ထုတ်တော်မမူပါနှင့်။ သန့်ရှင်းသော ဝိညာဉ်တော်ကို ရုတ်သိမ်းတော်မမူပါနှင့်။ အကျွန်ုပ်သည် မတရားသောသူတို့အား တရားလမ်းကို ပြသသွန်သင်ပါမည်။ အပြစ်ရှိသောသူတို့သည် ကိုယ်တော့်ထံသို့ ပြန်ကြပါလိမ့်မည်။ (ဆာလံ ၅၁း၁-၄၊ ၇-၁၃)

ကုန်လွန်ခဲ့သောနှစ်တခုက ကျွန်ုပ်၏မိတ်ဆွေတဦးသည် ဤဆုတောင်းပဌနာကို အပတ်စဉ်တိုင်း ရွတ်ဆိုခဲ့ပါသည်။ ကောင်းမွန်သောလုပ်ဆောင်ချက်တခုဖြစ်မည်ဟု ကျွန်ုပ်ကယုံကြည်ပါသည်။ ဤတောင်း လျှောက်ချက်ကို ပုံမှန်လုပ်ဆောင်မည်ဆိုလျှင် ကျွန်ုပ်တို့၏ စိတ်နှလုံးမှ အမှန်တရားကို နှိုးထခွင့်ပြုခြင်းဖြစ် သည်ဟု ခံယူမိပါသည်။ အကယ်၍ ကျွန်ုပ်တို့တွင် မာန်မာန၊ မောက်မာမှု၊ စိတ်မရှည်ခြင်းများရှိမည်ဆိုလျှင် ချက်ချင်းပင် ဝန်ခံသင့်သည် မဟုတ်ပါလား။ နေအိမ်အတွင်းမှစတင်ကာ ကျွန်ုပ်တို့၏အသက်တာကို ဆန့် တန်းရမည့်အချိန်ပင် မဟုတ်ပါလား။ မတရားသောလိုအင်ဆန္ဒ၏ လျင်မြန်မှုကိုကြည့်ပြီး အသက်တာ၏ လမ်းခရီးကို စတင်စုံစမ်းကြဖို့ရန်ဖြစ်သည်။ သို့ဖြစ်သောကြောင့် မိဘများကသန့်ရှင်းသော ဝိညာဉ်တော် နှင့် ပြည့်ဖို့ရန်အတွက် ကိုယ့်ရဲ့နေအိမ်တွင် ဤ သို့လုပ်ဆောင်လျှင် မကြာခင်၌ သားသမီးများကထပ်၍စမ်း သပ်လုပ် ဆောင်ခြင်းဖြင့် အလားတူသော ဝိညာဉ်တော်နှင့်ပြည့်ကြလိမ့်မည်ဖြစ်သည်။

ယနေ့ ခရစ်ယာန်အသင်းတော်၏ လုပ်ရိုးလုပ်စဉ်သည် ရှင်လုကာ သတိပေးသော မယုံကြည်သူများရေး သားထားသည့် စာအုပ်များထက်ပင် ပို၍လုပ်ဆောင်ကြမည်ဟု ကျွန်ုပ်ယူဆမိပါသည်။ ကျွန်ုပ်ကတော့ မယုံကြည်သူများ (သမ္မာကျမ်းစာနှင့် မကိုက်ညီသူများ) ၏ ပို့ချချက်တဝက်ခန် ထက်ပိုသော လက်ရှိအချိန် အေးလျက် သေနေသည့် အသက်မွေးဝမ်းသော အသင်းတော်၏အသွင်သဏ္ဌာန်အတွက် ကြောက်ရွံ့တုန် လောက်ခြင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ပင်တေကုတ္တရောနှင့် တမန်တော်များကဲ့သို့ ကျွန်ုပ်တို့၏ဆု တောင်းခြင်းအစည်းအဝေးက မယုံကြည်သူများ (သမ္မာကျမ်းစာနှင့် မကိုက်ညီသူများ)၏ အသင်းအဖွဲ့တခု လုံးကို လှုပ်ယမ်းလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဆုတောင်းချက်ထဲ၌ စွဲကိုင်ရမည့်အရာတခုမှာ ဘုရား သခင်ပင်ဖြစ်ပါသည်။ မြင့်မြတ်သောဒေသနာဖြင့် လူထုကို သင်လက်မကမ်းခဲ့ပါ။ ကျွန်ုပ်တို့က ကမ္ဘာကြီး ရွှေ့လျားဖို့ရန် အတွက်ခွန်အားကိုအသုံးပြုချင်ကြပါသည်။

အကြောင်းမူကား ကိုယ့်စိတ်နှလုံးသည် ကိုယ့်ကိုအပြစ်တင်လျှင် ဘုရားသခင်သည် ငါတို့၏စိတ်နှ လုံးထက်သာ၍ ကြီးမြတ်သည်ဖြစ်၍ အလုံးစုံတို့ကို သိတော်မူသည်ကို ငါတို့သိကြ၏။ ချစ်သူတို့ကိုယ့်စိတ်နှ လုံးသည် ကိုယ်ကိုအပြစ်မတင်လျှင် ဘုရားသခင်ရှေ့တော်၌ ရဲရင့်ရသောအခွင့်ရှိကြ၏။ ငါတို့သည် ပညတ် တော်တို့ကို စောင့်ရှောက်၍ နှစ်သက်တော်မူသော အကျင့်တို့ကို ကျင့်သောကြောင့် ဆုတောင်းသမျှတို့ကို ဘုရားသခင်ထံတော်မှ ရကြ၏။ (၁ယော ၃း၂၀-၂၂)

တရားစီရင်ခြင်း– နောင်တရဖို့ ဖိတ်ခေါ်ခြင်း

Judgment: A Call To Repentance

By Derek Prince (1915 – 2003)

ဘုရားသခင်က ကျွန်ုပ်တို့ကို တရားစီရင်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူသည်မည်သူ တတ်သောသူဖြစ်သည်။ နောင်တရရှိဖို့အလို့ငှာ ကျွန်ုပ်တို့ကို တရားစီရင်မည် ဖြစ်သည်။ ကျွန်ုပ်တို့က သူ၏ တရားစီရင်ချက်ရှေ့တွင် ပျပ်ဝပ်ခြင်းဖြင့် တွေ့ဆုံဖို့ရန်ငြင်းပယ်မည်ဆိုပါက သူ၏အလိုဆန္ဒဖြစ်သော ဘုရား လမ်းစဉ်ကို တုန့်ပြန်ရန်ပျက်ကွက်ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ နောင်တရဖို့ရန် ဘုရားသခင်က တရားစီရင်ပြီး နောင်တရသောသူတို့ကို ညှာတာသနားဖို့ရန် ကတိပေးပါသည်။

ယေရှုယအခန်းကြီး ၁၈ ရှိ စာပိုဒ်တပိုဒ်ကို ကြည့်မည်ဆိုလျှင် အခန်း ၇မှ၁၀ ကို ဖတ်ကြည့် သောအ ခါ တိုင်းနိုင်ငံများနှင့် ဘုရားသခင်က ထိတွေ့ကာ သူ့ထံသို့တုန့်ပြန်သည့် လမ်းစဉ်အတိုင်း တရားစီရင်မည့် အကြောင်းကို ဤအခန်းများ၌သာလျှင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ‘ အကြင်တိုင်းနိုင်ငံကို နှုတ်ကပတ်

ဖြုချဖျက်ဆီးခြင်းငှာ ငါအမိန့်တော်ရှိ၏။ ငါ့အမိန့်တော်နှင့်ဆိုင်သော ထိုတိုင်းနိုင်ငံသည် မိမိဒုစရိုက်ကို စွန့်ပစ်လျှင် ငါကြံစည်သောဘေးဒဏ်ကို ငါနောင်တရမည် အကြောင်တိုင်းနိုင်ငံသည် တည်ထောင်ပြုစုခြင်းငှာ ငါအမိန့်တော်ရှိ၏ ထိုတိုင်းနိုင်ငံသည် ငါ့စကားကို နားမထောင်၊ ငါ့မျက်မှောက်၌ဒုစရိုက်ကို ပြုလျှင်သူ၏ အကျိုးအလို့ငှာ ပြုစုမည်ဟူသော စကား၌ပါသော ကျေးဇူးကို ငါနောင်တရမည်။

ဘုရားသခင်ကထိုရောက်စွာ ပြောဆိုခဲ့ပါသည်။ ငါသည် သင့်ကိုတရား စီရင်ခြင်း အကြောင်းအား သတိပေးပြီးဖြစ်သောကြောင့် ရောက်ရှိလာမည့်အကြောင်းကိုလည်း သင့်ကို ပြော၏။ သို့သော် သင်ပြောင်းလဲလျှင် တရားစီရင်ခြင်းကို ငါပယ်ဖျက်မည် အပြန်အလှန်အားဖြင့် ကောင်းမြတ်ခြင်းနှင့် ကောင်းကြီးမင်္ဂလာသည် သင်၏နာခံခြင်းနှင့် နာမခံခြင်း၏အခြေအနေပေါ်တွင် ငါကတိပြုခဲ့ပြီးဖြစ်သောကြောင့် အကောင်းကို ငါရပ်စဲမည်၊ ငါ့ထံသို့သင်၏ တုန့်ပြန်ချက်အတိုင်း သင့်ကို ထိတွေ့ ဆက်ဆံမည်။ ဤဖော်ပြချက်များက တိုင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမည့် ဘုရားသခင်၏ကတိပေးချက်ပင်ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုကိုလည်း ဤသို့ပင် ထိတွေ့ဆက်ဆံမည်ဟု သင့်အနေဖြင့် ထင် မြင်ပါသလား။ ဘုရားသခင်က ယခုကျွန်ုပ်တို့နိုင်ငံနှင့်ထိတွေ့ဆက်ဆံသည်ဟု ထင်မြင်ပါသလား။ ကိစ္စ များက အလွန်နှေးကွေးပြီး ဘုရားသခင်၏တရားစီရင်ခြင်းကို မြင်တွေ့ဖို့ရန် ပြောရခက်ပါသလား။ အသိပေး ညွှန်းကြားဖို့ရန်အတွက် သူတို့က ကျွန်တော်တို့နှင့်ထိုက်တန်ပါသလား။ ဝေဖန်အပြစ်တင်မည့်အစား နောင်တ ရဖို့ရန် ဘုရားသခင်က ကျွန်ုပ်တို့ကို ခေါ်ဖိတ်ပါသည်။ လူတွေရဲ့တုန့်ပြန် ချက်စည်းမျဉ်းသည် ရာဇဝင်ချုပ် ဒုတိယစောင် အခန်းကြီး ၇ ၌ စော်လမွန်ဘုရင်၏ ဗိမ္မာန်တော်ပြီးဆုံးပြီးနောက် မကြာခင်မှာပင် လျှင် ဘုရား သခင်က သူထံသို့ပေးခဲ့သည့် အခန်းအားဖြင့် ဖော်ပြချက်က ပို၍ရှင်းလင်းစေပါသည်။

စော်လမွန်သည် ဗိမ္မာန်တော်နှင့် နန်းတော်ကိုလက်စသတ်၍ ဗိမ္မာန်တော်နှင့်နန်းတော်၌ လုပ်ဆောင်မည်ဟု ကြံစည်လေသမျှသောအကြံသည် ထမြောက်သောအခါ ထာဝရဘုရားက ညအချိန်တွင် ထင်ရှားတော်မူလျက် သင်ပြုသောပဌနာကို ငါကြားပြီ။ ဤ အရပ်၌ဘုန်းကို ယစ်ပူဇော်ရာအိမ်ဖြစ်စေခြင်းငှာ ကိုယ်အဘို့ ငါရွေးယူပြီ။ ငါ့နာမကို သမုတ်သောအခါ ငါ၏လူတို့သည် ကိုယ်ကိုနှိမ့်ချသဖြင့် ငါ့ကို ရှာလျက် ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျင် ငါသည် ကောင်းကင်ဘုံ၌နားထောင်မည်သူတို့ အပြစ်ကို ဖြေ၍ သူတို့၏ ပြည်ကိုချမ်းသာပေးမည် (အခန်း၏ ၁၁-၁၄) ဤ အရာသည် ဘုရားသခင်၏ ဂရုဏာတော်ဖြင့် ပေးသော ကတိဖြစ်ပါသည်။

သိမှတ်ရမည့်အချက်မှာ ဘုရားသခင်ကသူ၏ လူမျိုးများကို သူတို့၏နယ်မြေအတွက် တာဝန်ခံစွဲကိုင်ထားပါသည်။ ယေဘုယျအားဖြင့် ပြောရမည်ဆိုလျင် လောကရှိပြဿနာများအတွက် အသင်းတော်မဲ့သော လူတွေကို ပြစ်တင်ရှုတ်ချဖို့ရန် အသင်းတော်ရှိလူတွေက အာရုံစိုက်ကြပါသည်။ ဘုရားသခင်ကထိုရောက် သော

စကားဖြင့် ပြောဆိုရာ၌ ပြသနာသည်သူတို့တွင် မရှိပါ။ သင့်၌သာရှိပါသည်။ သင်နှင့်ကျွန်ုပ်ထိတွေ့ မည်ဆိုလျှင် အခြေအနေကို ငါထိန်းသိမ်းလိမ့်မည်ဟု ပြောဆိုလျက် သူ၏လူမျိုးများနှင့် ဘုရားသခင်က အစပြုပါသည်။

ပေတရုပထမစောင် ၄း၇တွင် ဘုရားသခင်၏ အိမ်တော်သားများကို ရှေးဦးစွာစစ်ကြော စီရင်ရသော အချိန်ရှိပြီဖြစ်ကြောင်း ကိုတွေ့ရှိရပါသည်။ ဘုရားသခင်က စစ်ကြောစီရင်ခြင်းကို မယုံကြည်သူများနှင့်မစတင်ပါ။ သူလူမျိုးများနှင့်စတင်စီရင်ပါသည်။ သူ၏လူမျိုးများထဲသို့ ဘုရားသခင်က သင်နှင့်ကျွန်ုပ်၏လမ်းခရီးကို လျှောက်နိုင်မည်ဆိုလျှင် သင့်အားဖြင့်ကျွန်ုပ်လောကကို လက်လှမ်းနိုင်မည်ဖြစ်သည်။ သို့သော် သင်ငြင်းဆန်ပါက လောကကိုလက်လှမ်းဖို့ရန် ကျွန်ုပ်၌မရှိပါဟု ပြောဆိုပါသည်။

ကျွန်ုပ်တို့ကလောက၌ ဘုရားသခင်ဝိညာဉ်တော်၏ လမ်းကြောင်းတစ်ခုစီဖြစ်ကြပါသည်။ တနည်းဖြင့်ပြောရမည်ဆိုလျှင် လောကကိုလက်ကမ်းခြင်းမှကျွန်ုပ်တို့သည် ဘုရားသခင်၏ ဝိညာဉ်တော်ကိုဆုပ်ကိုင်ထားကြပါသည်။ ဆုံးဖြတ်ချက်၏ အကျိုးရလာဒ်မှာ ဘုရားသခင်ကိုပြန်လည် တုန့်ပြန်မည့်နည်းလမ်းဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် ဘုရားသခင်ကငါ့လူတို့သည် ငါ၏တောင်းဆို ချက်ကို လိုက်လျှောက်မည်ဆိုလျှင် သူတို့၏ဆုတောင်းသံကို နားထောင်မည်ဟုပြောသောကြောင့် မယုံကြည်များအပေါ်မမှီခိုပါ။ ယုံကြည်သူများအပေါ်၌သာမှီခိုပါသည်။ ကျွန်တော်တို့ ယုံကြည်သူများက လောက၏ဆားများဖြစ်ကြပါသည်။ ကျွန်ုပ်တို့ က ကောင်းကင်ကဖွာကို ဆုံးဖြတ်ကြပါသည်။

ကျွန်ုပ်၏မျော်လင့်ချက်မှာ ဘုရားသခင်၏အခြေနေကိုကျွန်ုပ်တို့မြင်တွေ့သောအခါ ဘုရားသခင်ကို ကျွန်ုပ်က အားပါးတရ ခီးမွမ်းဖို့ဖြစ်သည်။ ရာဇဝင်ချုပ်ဒုတိယစာစောင်၏ တောင်းဆိုချက်များကို နာခံဖို့ရန်လူတစ်ယောက်အနေဖြင့် သစ္စာရှိကြမည်ဆိုလျှင် ဘုရားသခင်၏ သမိုင်းဝင်တရားစီရင်ချက်ကို ကျွန်တော်တို့၏ တိုင်းပြည်၌တရားစီချက်အစား ဘုရားသခင်၏အလို ဆန္ဒဖြင့်သွန်းလောင်းမည့် ညှာတာထောက်ထားသော ကုသခြင်းကိုလက်ခံရရှိဖို့ရန် တုန့်ပြန်ကြဖို့ ပင်ဖြစ်ပါသည်။

ငါလာသည့်အထိတိုင်အောင်ပြုလော့။

"Occupy Till I Come"

By J.C Ryle

ထိုအခါ ယေရှုဆလင်မြို့အနီးသို့ ရောက်တော်မူ၍ ဘုရားသခင်၏ နိုင်ငံတော်သည် ချက်ချင်း ပေါ်ထွန်းမည်ဟု လူများထင်မှတ်သောကြောင့် ပရိသတ်အလယ်၌ မိန့်တော်မူသော ဥပမာကား အမတ်တစ်ယောက်သည် မင်းကြီးအရာကိုခံ၍ မိမိပြည်သို့ ပြန်လာမည်ဟု

အကြံရှိလျက် ဝေးသော ပြည်သို့ သွား၏။ မသွားမီမိမိငယ်သား တကျိပ်ကိုခေါ်၍ ငွေတပိဿစီ အပ်ပေးလျက် ငါပြန်၍ မလာမီ တိုင်အောင်ကုန်သွယ်မှုကို ပြုကြလော့ဟု မိန့်မှာထားလေ၏။ (လု ၁၉ : ၁၁-၁၃)

ယနေ့ ခရစ်တော် တပည့်တော်အားလုံး၏ တာဝန်မှာ အဘယ်နည်း? ယနေ့ဟုဆိုရာ၌ ခရစ်တော် ပထမအကြိမ် လောကသို့ ရောက်လာသောအချိန်နှင့် ဒုတိယပြန်လာမည့်အချိန်၏ ကြားကာလကို ဆိုလိုပါသည်။

ဤ ဥပမာဖြင့် မြင့်မြတ်သော ပုဂ္ဂိုလ်က တပည့်တော်များအပေါ် ပြောဆိုသော စကားလုံး၏ ဆိုလိုရင်းအဖြေကိုတွေ့ရှိရပါသည်။ ငါပြန်လာသည့်အထိတိုင် ကုန်သွယ်မှုကို ပြုကြလော့ဟူသော မိန့်မှာချက်ပင်ဖြစ်ပါသည်။ ဤ အရာက ခရစ်ယာန်များဟု ခေါ်ဝေါ် သမုတ်ခြင်းခံရသောသူများကို ဆိုလိုခြင်းဖြစ်သည်။ သတင်းကောင်းကြား သောသူအားလုံးက ယုံကြည်ချက်တကယ်ရရှိကာ ထုတ်ဖော်ဖို့ရန် နိုးဆော်သင့်ပါသည်။ ယနေ့ ကျွန်ုပ်တို့ မှတ်သား ရမည့်အချက်က ငါမပြန်လာမှီတိုင်အောင် ကုန်သွယ်မှု ပြုကြလော့ဟူသော စကားလုံး ပင်ဖြစ်ပါသည်။ ယေရှုက သင့်ကို အဆိုပြုခဲ့ပါသည်။ သတင်းကောင်းကုန်သွယ်မှု ပြုလော့ ဟူသော စကားလုံးဖြစ်သည်ဆိုလိုသည်မှာ သင်၏ ခရစ်ယာန်အသက်တာ၌ လက်တွေ့ လုပ်ဆောင်ဖို့ရန်ဖြစ်ပါသည်။ သင်ကြားမှု သက်သက် ကြားနာသူ သက်သက်မဟုတ်ဘဲ သင် ကိုယ်တိုင် ကလက်တွေ့လုပ်ဆောင်ဖို့ရန် ဖြစ်သည်။ အိမ်အတွင်း၊ မိသားစု အတွင်း၊ စားဝတ် နေရေးအတွက် သက်သက်လက်ခံခြင်းမဟုတ်ဘဲ သူခိုင်းသောအလုပ်ကို လက်တွေ့ အကောင် ထည်ဖော်ဖို့ရန်ဖြစ်သည်။ လူတွေရဲ့ရှေ့မှောက်တွင် သင်၏ ကောင်းမွန်သော လုပ်ဆောင် ချက်ကို လက်တွေ့မြင်တွေ့စေဖို့ရန်ဖြစ်ပါသည်။ (မသဲ ၅ : ၁၆) သင့်တွင် ယုံကြည်

ချက်ရှိပါသလား? သေနေသော ယုံကြည်ချက်မဖြစ်ပါစေနှင့် ချစ်မေတ္တာဖြင့် လုပ်ဆောင် သော အရာဖြစ်ပါစေ။

သင်က ရွေးချယ်ခြင်းခံရသူဖြစ်ပါသလား? သင်သည် နာခံခြင်းထဲသို့ ရွေးချယ်ခြင်း ခံရသူဖြစ်ပါသည်။ သင်သည် ရွေးနှုတ်တယ်တင်ခြင်းခံရသော သူဖြစ်ပါသလား? သင်သည် ကောင်းသော အလုပ်အတွက် စိတ်ထက်သန်သူ ထူးခြားသောသူ ဖြစ်ဖို့ရန် ရွေးနှုတ် ကယ်တင် ခြင်း ခံရသောသူဖြစ်ပါသည်။ (တိတု ၂:၁၄) သင်သည် ခရစ်တော်ကို ချစ်ပါသလား? ခရစ်တော်၏ မိန့်မှာချက်များကို စောင့်ထိန်းခြင်းဖြင့် သင်၏ စစ်မှန်သော ချစ်ခြင်းမေတ္တာကို ထုတ်ဖော်ပြသပါ "ဤညွှန်ကြားချက်ကို ပြုဖို့ရန် မမေ့ပါနှင့်" ဘာသာ တရားအတွက် မလုပ် ဆောင်ခဲ့သောအရာများ အတင်းအဖျင်းပြောခြင်း များစိတ်၏ စွဲလမ်းမှုများကို လမ်းညွှန် ချက်ဖြင့်သတိပြုပါ။ မမှန်ကန်နိုင်သော လုပ်ဆောင်ချက်ကို မစဉ်း စားပါနှင့် တကိုယ်ရည်ပြစ် မှားသော အရာတခုကို စွန့်ပစ်လိုက်ပါ။ ယုံမှား ခြင်းများကိုစွန့်ပစ်ပါ။ စာတန်၏ ဖိတ်ခေါ် ချက်များကို ပယ်ချ လိုက်ပါသဲပေါ်တွင် အိမ်ဆောက်သော လူမိုက်အကြောင်းကို ဆင်ခြင်မည် ဆိုပါက သနားစဖွယ်ဖြင့် အဆုံးသတ်သည်ကို သင်တွေ့ရှိ ရမည် ဖြစ်သည်။ (မသဲ ၇ : ၂၄-၂၇) သင်ခံရသော ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်မြဲစေခြင်းငှာ အားထုတ် လုပ်ဆောင်သော ခရစ်ယာန်တစ်ဦးဖြစ်ပါစေ (၂ ပေ ၁ : ၁၀)

သင်ရရှိထိန်းသိမ်းသောအရာများဖြင့်ပြုပ်

သခင်ယေရှုကလည်း သင့်၌ရှိသော အရာများဖြင့် ပြုပါဟုမိန့်ဆိုခဲ့ပါသည်။ ဆိုလိုသည့် အရာမှာ သူ၏ ဘုန်းတော်ထင်ရှားဖို့ရန်အတွက် တယောက်ချင်းစီတိုင်းအပေါ် အခွင့်အရေး အချို့ကို ပေးခဲ့ပါသည်။ သင်ကိုယ်တိုင်ကလည်း သိရှိပါလိမ့်မည်။ ချမ်းသာသူ ဆင်းရဲသူ တယောက်ချင်းစီတွင် ကိုယ်ပိုင်အစွမ်းတခုခုရှိကြပါသည်။ ထို့ကြောင့် အယောက်ချင်းစီ၏ ရှေ့တွင်တခါးတခုစီ ဖွင့်ပေးခဲ့ပါသည်။ သခင်၏ ချီးမွမ်း ဂုဏ်ပြုခြင်း အတွက် ချပြမည်ဆိုလျင်

ချပြနိုင်ပါလိမ့်မည်။ သင်၏ ကိုယ်ခန္ဓာ ကျန်းမာ သန်စွမ်းခြင်း၊ သင်၏ ဆုကျေးဇူးများ၊ တတ်စွမ်းနိုင်မှုများ၊ သင်၏ရာထူးရာခံများ၊ အခြားသူများ အပေါ် လွှမ်းမိုးနိုင်ခြင်း၊ ကျမ်းစာကို ဖတ်ရှုသော လွတ်လပ်မှုနှင့် သတင်းကောင်းကို နာယူခြင်း၊ ကျေးဇူးတော်၏ အဓိပ္ပါယ်ကို သင်ကြွယ်ဝစွာ ထောက်ပံ့ခြင်း စသည့် အရာအားလုံးသည် သင်ထိန်းသိမ်းသော အရာဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤအရာများဖြင့် ခရစ်တော်၏ ဘုန်းတော် ထင်ရှားဖို့ရန် အသုံးပြုပြီး လုပ်ဆောင်ဖို့ရန် ဖြစ်ပါသည်။

အမြဲအသင့်ဖြစ်နေခြင်း

ယေရှုက ပြန်လာမည့်အချိန်ထိ တိုင်အောင် ကုန်သွယ်မှု ပြုဖို့ရန် မိန့်မှာ ခဲ့ပါသည်။ သူပြန်လာ မည့် အချိန်ကို စောင့်ရင်းဖြင့် သူခိုင်သော အလုပ်ကို လုပ်ဆောင်ဖို့ရန် ဖြစ်သည်။ သခင်ပြန်လာမည့် အချိန်ကို သိသော သစ္စာရှိသည့် အစေခံကဲ့သို့ ဖြစ်ရမည်ဖြစ်သည်။ ထို့ကြောင့် အစဉ်ပြင်ဆင်ကြဖို့ ရန် ဖြစ်ပါသည်။

သင်၏ လုပ်ငန်းစာရင်းကို အပ်နှံမည့် ခရစ်တော်ပြန်လာမည့် မြင့်မြတ်သော နေ့ရက်ကို သိမှတ်လျက် အဆင်သင့်ရှိသော သူကဲ့သို့ ဖြစ်ရမည်။ ဤလောကတွင်ရှိသော အရာများကို သင်၏ ဘိုးဘွားပိုင်ဟု မထင်မြင်ပါနှင့် လူတွေ၏ ချမ်းသာကြွယ်ဝမှုများက ဘုရားသခင် ငှားရမ်းထားသော အရာသာဖြစ်ပြီး အငှားချထားသော အရာ ဖြစ်ပါသည်။ မမျှော်လင့်သောအချိန်တွင် သခင်ပြန်လာမည်ဖြစ်သောကြောင့် သင့်အသက်တာ၏ ဆက်သွယ်မှု ဖြစ်သော လူမှုတာဝန်များကို လစ်လျူမရှုလိုက်ပါ နှင့် ဘုရားသခင်ခေါ်တော်မူသော ခရစ်ယာန် လမ်းခရီးကို ဖြည့်စွက်ဖို့ရန် ဖြစ်ပြီး ခရစ်တော်နှင့် တွေ့ဆုံသောအခါ အဆင်သင့်ဖြစ်နေရမည် ဖြစ်သည်။ သခင်က ပြည့်စုံသည်ဟု ထင်မြင်လျက် သင်သည် မည်သူမျှ မသိဘူးသော နေ့ရက် ရှေ့သို့ ခေါ်ဆောင်ခြင်းခံရသည့် လူတယောက်ကဲ့သို့ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ထင်ရှားသည့်

အချိန်ကာလထိတိုင် ကုန်သွယ်မှု ပြုဖို့ရန် လိုအပ် ပါသည်။ ညနေပိုင်းခရစ်တော်နှင့် တွေ့ဆုံဖို့ လိုအပ်လျင် မနက်ထသည့် အချိန်မှ စတင်ကာ ရှေ့သို့ ချီဖို့ရန် အသင့် ပြင်ဆင်ပါ။ ည သန်ခေါင်ယံတွင် နိုးဖို့ရန် လိုအပ်လျင် အိပ်ရာ ဝင်ကတည်းက အသင့်ပြင်ထားပါ။ "ကြည့်ရှု လေ့ကြွလာမည့် သတိုးသား" သင်ထိန်း သိမ်း သော ဝိညာဉ်ရေးရာ မှတ်တမ်းစာရင်းကို အမြဲပြင်ဆင်ထားပါ။ ခေါ်ဆောင်မည့် အချိန်ကို မသိသောကြောင့် သင်၏ လုပ်ဆောင်ချက် အားလုံးကို အကဲဖြတ်ပါ။ ယေရှုအား သင်မတွေ့စေလိုသည့် အရာများကို တစ်ခုမှ မလုပ် ဆောင်ပါနှင့် ဤအရာများက ယေရှု ပြန်လာသည့် ထိတိုင် ပြုမူရမည့် အရာများပင်ဖြစ်ပါ သည်။

ထောင်ပေါင်းများစွာသော ခရစ်ယာန်များအတွက် ဤစကားလုံးက ရှုတ်ချစရာ ဖြစ်နိုင် ပါသည်။ သူတို့၏ နေ့စဉ် ပြောဆိုလုပ်ဆောင်မှုထဲတွင် ဤ သို့သော ပြင်ဆင်ချက်က လုံးဝ ပျက်ကွက် နေပါသည်။ ခရစ်တော်နှင့်တွေ့ဆုံဖို့ရန် တကယ်မပြည့်စုံကြပါ။ သို့သော် သူတို့က သူတို့၏ လုပ်ငန်းစာရင်းကို ပေးအပ်ကြရမည်သာဖြစ်ပါသည်။ သူတို့သည် ဘုရား သခင်က ပေးအပ်သော လုပ်ငန်းကုန်သွယ်မှု ဆုကျေးဇူးကို မသိကြပါ။ ထို့အပြင် သူတို့က ခန္ဓာ၊ စိတ်နှင့် ဘုန်းတော်ထင်ရှား ဖို့ရန် တောင့်တသော စိတ်ဆန္ဒ မရှိကြသည်ကို တွေ့ရှိရပါသည်။

ရက်ရောစွာဖြင့်ပေးကမ်းပါ

ဤစကားလုံးဖြင့် လောကစည်းစိမ်ကြွယ်ဝချမ်းသာသည့် လူအားလုံးထံ သင့်မည်သို့ နှိုးဆော်သင့်ပါသနည်း။ မည်သို့ပင် ဖြစ်စေကာမူ သူတို့က မည်သို့ သူတို့၏ ငွေကြေးများအား အသုံးပြု ကြသည်ကိုတော့ ကျွန်ုပ်တို့မသိကြပါ။ ယေရှုပြောသကဲ့သို့ ငွေရတတ်သော ချမ်းသာ သူများက ကယ်တင်ခြင်းရရှိဖို့ရန် ခက်ခဲသည့်အကြောင်းကို ကြည့်သောအခါ သူတို့က သူတို့၏ ကိုယ်ပိုင်ပျော်ရွှင်မှု ခံစားမှုအတွက် ချမ်းသာကြသည်ကိုတွေ့ရှိရပါသည်။ သူတို့၏ မိသားစု

အတွက် ချမ်းသာကြပါသော်လည်း ဘုရားသခင်အတွက် မချမ်းသာကြပါ။ ဤသို့သော မသက်ရှင်ကြမည်ဆိုလျင် သူတို့၏ ငွေစာရင်းက တင်ပြဖို့ရန် ရှိမည်မဟုတ်သောကြောင့် ဝမ်းနည်းစရာပင်ဖြစ်ပါသည်။

သင်တို့သည် အလုပ်လုပ်၍ အားနည်းသော သူများကိုမစရမည်ကို ၎င်းအစွန့်ကြဲခံရခြင်း ထက်စွန့်ကြဲခြင်းသည်သာ၍ မင်္ဂလာရှိ၏။ (တမန် ၂၀ : ၃၅)

သင်တို့ ဥစ္စာများကို ရောင်း၍ ဆင်းရဲသားတို့အား စွန့်ကြဲကြလော့ မဆွေး မဟောင်းတတ်သော အိတ်တို့ကို ကိုယ်သုံးဖို့လုပ်ကြလော့ သူခိုးမရောက် ပိုးမဖျက်ဆီးရာ အရပ်ကောင်းကင် ဘုံ၌ မကုန်ဆုံးနိုင်သော ဘဏ္ဍာကို ဆည်းပူးကြလော့ (လုကာ ၁၂ : ၃၃)။

အထက်ပါ အသိပေးချက်နှင့် လွဲနေမည်ဆိုလျင် သင်၏ လမ်းကြောင်းကို သေချာစွာ ပြန်လည် ဆင်ခြင်ဖို့ရန် သတိပေးလိုပါသည်။ ဘုရားသခင်အတွက် အနည်းငယ်သာ ပေးကမ်းခြင်းဖြင့် ကျေနပ်တင်းတိမ်မှုကို ရပ်တန့်ကာ သင်ပေးခဲ့ဘူးသည်ထက်သာ၍ ပေးကမ်းပါ။ ခရစ်တော်ပြန်လာချိန်ထိတိုင် စောင့်မျှော်နေသော ကုန်သွယ်မှု ပြုသူအဖြစ် သင့်ကို ကျွန်ုပ် ယုံကြည်ပါရစေ။

အချီးနှီးသော ဖြတ်ပြေမှုများကိုရှောင်ကျဉ်ပါ

ဤ လောကၻ ပျော်ရွှင်ခြင်း ကင်းမဲ့လျက် သံသယဖြင့် ရောနှော နေကြသူအားလုံးကို ပြောကြားလိုသည်မှာ ဤစကားလုံးက မည်သို့ ညွှန်ကြားသည်ကို တဖန်တွေးတော ဆင်ခြင်စေလိုပါသည်။ ကျွန်ုပ်တို့ ကိုယ့်ကိုကိုယ် မေးသင့်သည့်အရာမှာ ယေရှု ရုတ်တရက် ပြန်လာပါက ကျွန်ုပ်တို့အား အားကစားကွင်း စုံတွဲကသည့် ခန်းမ နိုက်ကလပ်နှင့် ပြဇာတ်ရုံတို့တွင် တွေ့ဆို့ဖို့ရန် ဆန္ဒရှိပါသလား? မှန်ကန်သည့်နေရာ၌ပင် တွေ့ဆုံမည်ကို ဆန္ဒရှိကြမည်

မဟုတ်ပါသလား။ သို့ဖြစ်သောကြောင့် ချစ်မိတ်ဆွေအပေါင်းတို့ ကျွန်ုပ်တို့ နေ့စဉ် လုပ်ဆောင်လှုပ်ရှားသည့် အချိန်က မှန်ကန်သော စမ်းသပ်မှု တစ်ခုပင်ဖြစ်ပါသည်။

ယနေ့ည ကျွန်ုပ်တို့ထံ ယေရှု ကြွလာခဲ့လျှင် ကျွန်ုပ်တို့ မလုပ်သင့်သည့်အရာက ဤသို့သော နေရာများတွင် ရှိခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဤနေရာမျိုးကို ကျွန်ုပ်တို့မသွားဘဲ ရှောင်သင့်ပါသည်။ ယေရှုက ဤနေရာမျိုးၭွတွေ့မည်ကိုတော့ ကျွန်ုပ်တို့က မနှစ်သက်ပါ။ ထို့ကြောင့် ထိုသို့သော နေရာမျိုးၭ မထိုင်သင့်ပါ။ ဆိုလိုသည်မှာ ခရစ်တော်၏ အမြင်ၭသာ နေထိုင်လျက် ရပ်တည်သင့်ပါသည်။ လူတွေရဲ့အမြင် အသင်းတော် (သို့) အမှုတော်ဆောင်များ၏ အမြင်ၭ ရပ်တည်နေထိုင်ဖို့ရန်မဟုတ်ပါ။ ခရစ်တော်၏ အမြင်ၭသာ နေခြင်းက သူပြန်လာသည်ထိတိုင် ကုန်သွယ်မှု ပြုခြင်းပင်ဖြစ်ပါသည်။

သူ၏ဘုန်းတော်ထင်ရှားဖို့အတွက် အလုပ်ဖြင့်သက်သေပြပါ

ဤစကားလုံးက သခင်ခရစ်တော်ကို ချစ်ပြီး ဘုရားသခင်၏ နိုင်ငံတော်ကို ရှေးဦးစွာရှာဖို့ရန် တိုက်တွန်းထားပါသည်။ ဖြောင့်မတ်ခြင်းကို အမှီလိုက်ဖို့ရန် လောကသားများက မည်သို့ အာရုံစိုက်ကြပါသနည်း။ သူငယ်ချင်းများနှင့် ဆွေမျိုးများက ဘာသာရေးကို အဘယ့်ကြောင့် အာရုံစိုက်ကြပါသနည်း။ မှားယွင်းပါသလား။ ဤ နှုတ်ကပတ်တော်ဖြစ်သည့် ငါပြန်လာသည့်ထိတိုင် ကုန်သွယ်မှုပြုကြလော့၊ စကားလုံးသည် သူတို့၏ လုပ်ဆောင်ချက်သည် မှန်ကန်ကြောင်းဖော်ပြပါသည်။ ခရစ်တော်ကို ချစ်သောသူ သိသောသူ အားလုံးကို တိုက်တွန်းသော ဘာသာရပ်တခုဖြင့် ကျွန်ုပ်ဆွဲခေါ်ချင်ပါသည်။ ရိုးရှင်းသော တိုက်တွန်းချက်တခုက သင်သည်သာ၍ လုပ်ဆောင်သော ခရစ်ယာန်တဦးဖြစ်ဖို့ရန် ကြိုးပမ်းနေပါသည်။ အမှောင်မှအလင်းသို့ သင့်ကိုခေါ်သောသူ၏ ချီးမွမ်းခြင်းကို ပြသဖို့ရန် ပို၍ပို၍ လုပ်ဆောင်ပါသည်။ သူ၏ ဘုန်းတော် ထင်ရှားဖို့ရန် အတွက် ယေရှုအပ်နှင်းသော အစွမ်း (ဆုကျေးဇူး) ဖြင့်

လုပ်ဆောင်မှုကို တိုးတက်ဖွံ့ဖြိုးစေပါလာမည့် နိုင်ငံတော်ကိုရှာဖွေပါ။ မေးခွန်းထုတ်စရာ မှားယွင်းစရာမရှိသော ခရစ်တော်၏ စိတ်သဘောနှင့်ကိုက်ညီအောင်နေပါ။ သတင်းကောင်းဆန့်ကျင်သော သူတို့ကပြင် ငြင်းဆို၍မရနိုင်သည့်သင်၏ သန့်ရှင်းခြင်းကိုပေါ်လွင် ထင်ရှားစေပါ။

အထက်ပါအတိုင်း သင်က ပရောဖက် သင်တန်းသားတဦးဖြစ်လျှင် သင်၏ လေ့လာသင်ယူ ခြင်းမှ လက်တွေ့အားထုတ်ခြင်းကို တားဆီးဖို့ရန် ပြောဆိုမည်မဟုတ်ပါ။ အကယ်၍ သင်သည် အချိန်က အမှန်နီးကပ်သည့် အကြောင်းကို ယုံကြည်ပါက တပါးသူများအပေါ် ချစ်ခြင်း မေတ္တာဖြင့် ကောင်းသော အလုပ်များကို သင်၏ လုပ်ဆောင်ချက်ဖြင့် ထင်ရှားစေမည် မဟုတ်ပါလား? အမှောင် ဖုံးလွှမ်းနေသည်ဟု ယုံကြည်ပါက အမှောင်ထု၏ အလုပ်ကို စွန့်ပစ်ပြီး အလင်း၏ တန်ဆာပေါ်တွင် တပ်ဆင်ပါ။ ခရစ်ယာန် အားထုတ်မှုများကို အကြောသေရပ်တန့်စေမည့် ခရစ်တော်ပြန်လာမည့် အချိန်ကို တွက်ချက်သော ကိုယ်ပိုင်ခံယူ ချက်များကို စိတ်ကူးခြင်းသည် ကြီးမားသော မှားယွင်းမှု ဖြစ်သောကြောင့်ဘယ်တော့မှ မပြု ပါနှင့် ဤသို့ပြုမည့်အစား သခင်အနှေးနှင့်အမြန် ဆိုသလို ပြန်လာမည် ဟူသော မျှော်လင့်ချက်ဖြင့် အစေခံလုပ်ဆောင်မည်ဆိုပါက အစက်အပျောက် မစွန်းထင်းနိုင်သော အရာပင် ဖြစ်ပါသည်။

ဤ သို့လုပ်ဆောင်ခြင်းက ဝိညာဉ်ရေးရာ ကျန်းမာခြင်းကိုရရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ တိုးပွားဖို့မှာ ကျေးဇူးတော်၏ လုပ်ဆောင်ချက် ကဲ့သို့မဟုတ်ပါ။ ဘာသာ တရားထဲတွင် ဝိညာဉ်ရေးရာ ထိတွေ့လိုခြင်းကို အပြစ်ရှာချင်ကြသော သူတော်စင်များက ရှိကြပါသည်။ သူတို့ ကိုယ်တိုင်က မှားယွင်းခြင်းကို အတူတကွ လုပ်ဆောင်ကြပါသည်။ ဤသို့သော ပုဂ္ဂိုလ်များကို ကုန်သွယ်မှုပြုကြပါဟု ပြောဆိုချင်ပါသည်။ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားဖို့ရန်အတွက် သင် ကိုယ်တိုင်က ဆုံးဖြတ်ချက်ချပါက မကြာခင် အဆင်ပြေ

သွားလိမ့်မည်ဖြစ်သည်။ ဤနည်းလမ်းသည် လောကီသားသမီးများ ထံသို့ ကောင်းမွန်သော လုပ်ဆောင်ချက်ဖြစ်ပါသည်။ စစ်မှန် ပြည့်စုံသော ခရစ်ယာန် အမြင်ဖြင့် မပြောင်းလဲသော လူတွေအပေါ် အကျိုးသက်ရောက်မှု ရှိဖို့ရန် လုပ်ဆောင်ပါ။

ထောင်ပေါင်းများစွာသော သူများက သတင်းကောင်းကို မကြားချင်ကြပါ။ ယုံကြည်ခြင်း အားဖြင့်ရရှိသော ဖြောင့်မတ်ခြင်းကိုမသိကြပါ။ ဤသို့ ဘုရား သခင်နှင့် သန့်ရှင်းသော လျောက်လှမ်းခြင်းအတွက် မည်မျှနှိုင်းပါက မည်သို့နားလည်နိုင်ကြပါမည်နည်း။ ထို့ကြောင့် ကောင်းသော အလုပ်ကို သင်သည် လုပ်ဆောင်လိုပါက ကုန်သွယ်မှုကိုပြုပါဟု ပြောဆို ချင်ပါသည်။ ဤသို့ ပြုလျင် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်ထဲတွင် ကြီးမားသော ပျော်ရွှင်မှုကို ကျွန်ုပ်တို့၏ အသက်တာ၌ မြင်တွေ့ရပါလိမ့်မည်။ စုံစမ်းစစ်ဆေးမှုတွင်လည်း ကြီးမြတ်သော နှစ်သိမ့်ခြင်းကို ရရှိပါလိမ့်မည်။ လောကအတွက် အသုံးဝင်သော ကြီးမြတ်သည့် တံခါးများကို ၎င်းသေခြင်းတရားမှ ကြီးမားသော မျှော်လင့်ချက်ကို ၎င်းမြင်တွေ့ လိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ နောက်တွင် မြင့်မြတ်သော သက်သေကရှိလာမည်ဖြစ်ပြီး သခင်ပြန်လာသည့် အချိန် ဆုပေးသည့်နေ့ရက်တွင် မြတ်မြတ်သော သရဖူကို လက်ခံရရှိကြ မည်ဖြစ်ပါသည်။

နောက်ဆုံးသောကာလတွင် မိသားစုနှင့် ဆုတောင်းခြင်း

Family Prayer In The Last Days

By Kim Butts

ခပ်သိမ်းသော အမှုအရာတို့သည် အဆုံးသို့ ရောက်လုသည် ဖြစ်သောကြောင့် သမ္မာသတိရှိ ကြလော့ ဆုတောင်းခြင်းအလို့ငှာ စောင့်နေကြလော့ (၁ ပေ ၄ : ၇)။

ရှင်ပေတရာက သန့်ရှင်းသော ဝိညာဉ်တော်မှုတ်သွင်းခြင်းအားဖြင့် ထိရောက်စွာ ဖော်ပြသည့် အရာမှာ ဆုတောင်းခြင်းသည် နောက်ဆုံးသော နေ့ရက်ထဲတွင် ထိရောက်စွာ နေထိုင်အသက်ရှင် ဖို့ရန်အတွက် အဓိကသော့ချက်ဖြစ်ကြောင်းကိုဖြစ်ပါသည်။ ဤနေရာတွင် ပေါ်လွင်သည့်အရာမှာ သခင်ယေရှုက ရှေ့တွင် ရင်ဆိုင်တွေ့ကြုံရမည့်အရာအတွက် တန်ခိုးပြည့်စွာဖြင့် ထိရောက်သော ကျွန်ုပ်တို့၏ ဆုတောင်းခြင်း အသက်တာကို အလိုရှိပါသည်။ ရှင်းလင်းသော စိတ်နှင့် ခရစ်ယာန် မိသားစုက တိကျပြည့်စုံသော ရည်ရွယ်ချက်ဖြင့် ရှင်သန်သင့်သည်အရာမှာ ဆုတောင်းခြင်း၌ ယေရှုနှင့် အတူရင်းနှီးဆက်သွယ်ကာ ရင့်ကျက်သော ဆုံးဖြတ်ချက်ချဖို့ရန်နှင့် အသိတရားရှိရှိ ရွေးချယ်တတ်သော အကျင့်စရိုက်ပင် ဖြစ်ပါသည်။

သို့သော် ကျွန်ုပ်တို့၏ ရန်သူများက ကျွန်ုပ်တို့၏ အလိုတော်အတိုင်း အကျိုးမဖြစ်ထွန်းနိုင်သော ကျွန်ုပ်တို့၏ ဓလေ့ရိုးရာများကို မြင်တွေ့မည်ဆိုပါက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရှေ့တွင် ခရစ်တော်ချပေးခဲ့သော သင်ခန်းစာ၌ လှည့်ပြန်ကြဖို့ပင် ဖြစ်ပါသည်။ ရှင်ပေတရုက ကျွန်ုပ်တို့ ဆုတောင်းနိုင်ဖို့အလို့ငှာ ကျွန်ုပ်တို့၏ စိတ်ကို ချုပ်တီးရမည်ဟု ပြောဆိုခဲ့ပါသည်။ စိတ်ချုပ်တည်းခြင်းသည် ခက်ခဲသောအရာ ဖြစ်သော်လည်း အကောင်းဆုံးပင် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့သာ ကိုယ့်ကိုကိုယ် ရိုးရှင်းသော မေးခွန်းတခုကို မေးမည်ဆိုပါက ဤအချက်ကို ဘုရားသခင်၏အမြင်ထဲသို့ ကျွန်ုပ်တို့က ချထားနိုင်ပါသည်။ ကျွန်ုပ်တို့ကို မည်သူက ထိန်းချုပ်ပါသနည်း။ ကျွန်ုပ်တို့ကိုချစ်သော ဘုရားသခင်ကလား? ကျွန်ုပ်တို့ကို ဖျက်ဆီးသော စာတန်းကလား။ မိသားစု တစ်ခု အနေဖြင့် သင်၏ အကျင့်နှင့် လှုပ်ရှားမှုများကို ကြည့်ရှုပါ။ သင်တင်းတင်းကျပ်ကျပ်ဖြင့် ဆုပ်ကိုင်ထားသောအရာများက ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေပါသလား။ အဘယ်ကြောင့်ဆိုသော် ဤ အရာများ၏ ထိန်းချုပ်မှု အောက်တွင် သင်ကရှိနေသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင် မနှစ်သက်သောအရာ၌ လိမ်လည်လှည့်ဖြားသောသူ၏ ဆုပ်ကိုင်ခြင်းထဲတွင် သင်သည် ထောင်ချောက်မိနေပါသလား။

ကျွန်ုပ်တို့၏ မိသားစုအပေါ်တွင် ရန်သူကတားမြစ်၍ စိတ်ပျံ့လွင့်စေပြီး ဆုတောင်းခြင်းမှ လမ်းလွဲစေ မည်ဆိုလျှင် လောကီရေးရာဖြင့် စိတ်ထွေပြားဖို့ရန် စိတ်နှလုံးထဲ၌ လုပ်ဆောင်ပါလိမ့်မည်။ ရလဒ် ကတော့ ကျွန်ုပ်တို့က ဆုတောင်းလိုသော ဆန္ဒ ကင်းမဲ့သွားမည်ဖြစ်သည်။ သေချာစွာစစ်ဆေးပါ။ သတိထားပါ သုတ္တိကျမ်း ၂၅:၂၈ တွင် ဖော်ပြထားသော ကိုယ့်စိတ်ကို မချုပ်တည်းနိုင်သောသူသည် မြို့ရိုးပြိုပျက်၍ ဟင်းလင်းရှိသောမြို့နှင့်တူ၏၊ ဟူသော နှုတ်ကပတ် တော်ကဲ့သို့ ဖြစ်ကြလိမ့်မည်ဖြစ်သည်။

မြို့ရိုးပြိုပျက် ပျက်စီးခြင်းက ရန်သူများ ဝင်ရောက်တိုက်ခိုက်ဖို့ရန် တံခါးဖွင့်ထားခြင်းနှင့် တူပါသည်။ ကျွန်ုပ်တို့၌ ရှင်းလင်းသော စိတ်ချုပ်တီးမှုမရှိသောအခါ ရန်သူလာတိုက်ခိုက်ဖို့ရန် တံခါးဖွင့်ပေးခြင်းပင်ဖြစ်ပါသည်။ သင်ကကော မိသားစု၏ မြို့ရိုးတစ်လျောက်ကို ပြုပြင်မွမ်းမံလျက် အကောင်းဆုံးကာကွယ်ထားပါ သလား။ အခြားသူများအတွက်ကော ဆုတောင်းပေးပါသလား? တဦးနှင့်တဦးက အပြစ်ကို ဝန်ခံလျက် ယေရှု ပြုမူသကဲ့သို့ အချင်းချင်းပြုမူပါသလား။ ယာကုပ် ၅:၁၃-၁၆ စိတ်မချုပ်တီးပါက ကျွန်ုပ်တို့ ဆုတောင်းသော အသက်တာကအားနည်းပြီး အကျိုး သက်ရောက်မည်မဟုတ်ပါ။ သခင်၏ မစမှုဖြင့် ကျွန်ုပ်တို့ စိတ်တခုလုံးကို ထိန်းချုပ်နိုင်သောအခါမှ သာလျှင် ဆုတောင်းချက်က တန်ခိုးပါလျက် ထိရောက်လာမည်ဖြစ်ပါသည်။

အကြောင်းမူကား ဘုရားသခင်သည် ကြောက်တတ်သော သဘောကို ငါတို့အား ပေးတော် မူသည်မဟုတ် တန်ခိုးပါသော ချစ်တတ်သော ရှင်းလင်းသော စိတ်သဘောကို ပေးတော်မူ၏၊ ဘုရားသခင်နှုတ်ကပတ်တော် ပေးအပ်သော မိန့်မှာသည့် ဆုတောင်းချက်နည်းများကို မှတ်သားပါ သင်၏ မိသားစုကို လေ့လာအချိန် ယူစေပြီး ဤ မိန့်မှာ ချက်တခုစီကို

နာခံမည်ဆိုပါက ရှင်းလင်းသောစိတ်ဖြင့် သင်ချုပ်တီးနိုင်ကာ ဆုတောင်းနိုင် လိမ့်မည်ဖြစ်သည်။

''စုံစမ်းနှောင့်ယှက်ခြင်းထဲသို့ မကျဆင်းဖို့ရန်ဆုတောင်းပါ" ဆုတောင်းခြင်းသည် ရန်သူထံမှ ကျွန်ုပ် တို့ကို စောင့်ထိန်းကာကွယ်ပေးသော ဘုရားသခင်၏နည်းလမ်းဖြစ်ပါသည်။ ကျွန်ုပ်တို့ နားမလည်ပါက စာတန်၏ ထောင်ချောက်ထဲသို့ အလွယ်တကူ ကျဆင်းနိုင်ပါသည်။ "စုံစမ်းနှောင့်ယှက်ခြင်းနှင့် ကင်းလွတ်မည့်အကြောင်း ဆုတောင်းလျက် စောင့်နေကြလော့ စိတ်ဝိညာဉ်က စေတနာရှိသော်ငြားလည်း ကိုယ်မူကား အားနည်းသည်ဟု ပေတရုအား မိန့်တော်မူ၏။ (မသဲ ၂၆: ၄၁) ဤနောက်ဆုံးသောနေ့ရက်ကာလတွင် ကျွန်ုပ်တို့က ဆုတောင်းခြင်း အရှိန်ကိုမြင့်လျက် စောင့်ကြည့်ကြဖို့ရန် အရေးကြီးပါသည်။ သင်၏ သားသမီးများ ထံသွန်သင်ပါ သင်တို့သည် ဆုတောင်းသောအခါ သူတပါးကို ပြစ်တင်ခွင့်ရှိလျှင် သူ့အပြစ်ကို လွတ်ကြလော့ ဟု သင်တို့၏ အဘသည် သင်တို့၏အပြစ်ကို လွတ်တော်မူမည်(မာကု ၁၁: ၂၅) သူတပါးအပေါ် ခွင့်မလွတ်ပါက ဆုတောင်းချက်ကို တားဆီးပါသည် ဤအချက်ကို သင်၏ မိသားစုအား သတိပေးပါ။ သို့ပြုလျှင် ဤအရာက သင်တို့အတွက် စုံစမ်းနှောင့်ယှက်မှုကို ရှောင်ကျဉ်း ကျော်လွှားနိုင်သည့် ကြီးမားသောအကူအညီတခုဖြစ်လာ မည်ဖြစ်သည်။

အားလုံးကယ်တင်ခြင်းရရှိဖို့ရန်ဆုတောင်းပါ

ဆုတောင်းခြင်းသည် ပျောက်ဆုံးသော ဝိညာဉ်များက ဘုရားသခင်၏ နိုင်ငံတော်သို့ ရောက်ရှိဖို့ရန်အတွက် ဘုရားသခင်၏ နည်းဗျူဟာပင်ဖြစ်ပါသည်။ (၁တေမော ၂:၁)နဲ့ ထို့ကြောင့် ကျွန်ုပ်တို့က နာခံလျက် ဆုတောင်းရမည်ဖြစ်သည် ကျွန်ုပ်တို့အား နှောင့်ယှက်ငြင်းပမ်းသူများကိုလည်း ဆုတောင်း ပေးရမည် (မသဲ ၅: ၄၄ လုကာ ၆: ၂၈) အစိုးရမင်းများအတွက် ဆုတောင်းပေးရမည် မိသားစု တစ်စုအနေဖြင့် တိုင်းပြည်၏ ခေါင်းဆောင်များ

လုပ်ငန်းရှင်များ၊ ဆရာသမားများအတွက် စသည်ဖြင့် ဆုတောင်းပေးရမည် အိမ်နီးနားချင်းများ ၊ သူငယ်ချင်းများ၊ ဆွေမျိုး မိသားစု များထဲမှ ခရစ်တော်ကို မသိသေးသောသူများအား စာရင်း မှတ်လျက် ကိုယ်စားပြုကာ ဆုတောင်းပေးရမည်ဖြစ်သည်

သစ္စာရှိဆုတောင်းသူအဖြစ် ကိုယ်တိုင်ဆက်ကပ်ပါ ဆုတောင်းမှုပြုခြင်း အမှုကို အမြဲပြု၍ ကျေးဇူးတော်ချီးမွမ်းလျက် စောင့်ရှောက်ကြလော့။ ကျွန်ုပ်တို့က ကျေးဇူး စောင့် သိသော စိတ်နှလုံးရှိသောအခါ ရန်သူ၏ အကြံအစည်ကို သတိထား စောင့်ကြည့်သော ကြောင့် သစ္စာရှိစွာဖြင့် လက်တွေ့ဆုတောင်းခြင်းကို အကောင်းဆုံး စောင့်ထိန်းနိုင်ပါသည်။ ''မျော်လင့် ၍ ဝမ်းမြောက်ကြလော့ ဆင်းရဲဒုက္ခခံရသောအခါသည်းခံကြလော့ ဆုတောင်း ပဌနာပြုခြင်း အမှုကို အမြဲပြုကြလော့ (ရောမ ၁၂: ၁၂) တဦးချင်းစီနှင့် အတူတကွ ဆုတောင်း ဖို့ရန် နေ့စဉ် အစီအစဉ် ချခြင်းဖြင့် ဤ မိန့်မှာ ချက်ကို နာခံလိုက်လျောက်ဖို့ရန် သင့်၏ မိသားစုက ဆင်ခြင် တွေးတောနိုင်ပါသည်။ သင်၏ သစ္စာ စောင့်ထိန်းမှုအတွက် ဆုလာဒ်ကို ဘုရားသခင်က ပေးပါ လိမ့်မည် အတူတကွ ဆုတောင်းအချိန်ယူ မည့်အခွင့် အရေးက ရရှိဖို့ ခက်ခဲပါက နေ့စဉ်အတူ တကွ ဆုတောင်းနိုင်မည့် အချိန်တခုကို သတ်မှတ်နိုင်ပါသည် ဖြစ်နိုင်ပါက ရုပ်မြင် သံကြား ကြည့်ရှုခြင်းကို လမ်းကြောင်းပြောင်းခြင်း ကွန်ပြူတာဖြင့် အချိန်ကုန်၊ အခြားအထွေထွေ ကိစ္စများနှင့် ကုန်သည့် အချိန်များကို လျော့ချဖို့ရန်ဖြစ်သည်။

ဆက်ကပ်ခြင်း၏ အဓိပ္ပါယ်ကို ရှင်းလင်းပြောဆိုပါ။ သင်ကိုယ်တိုင်က ဆုတောင်းခြင်း ထက် အခြားသော လုပ်ဆောင်ချက်များ၌ ပိုမိုဆက်ကမ်မြဲပ်နှံ ပါကလည်း သင်ဦးစားပေးသော အရာများကို ပြောင်းလဲဖို့ရန် ဆုံးဖြတ်လိုက်ပါ ''သင့်အတွက် ဘုရားသခင်၏ အလိုတော်သည် ဆုတောင်းခြင်းကို အခြေပြုဖို့ရန် ဖြစ်ပါသည်။

အစဉ်မပျက်ဝမ်းမြောက်ခြင်းရှိကြလော့

မခြားမလပ် ဆုတောင်းပဌနာပြုကြလော့ အရာရာ၌ ကျေးဇူး တော်ကို ချီးမွမ်းလော့ အကြောင်းမူကား သင်တို့သည် ထိုသို့ကျင့်စေခြင်းငှာ ယေရှုခရစ်၏ ဘုရားသခင် အလိုတော်ရှိ၏ (၁သက်သာ ၅: ၁၆-၁၈)။ ခက်ခဲမှုကြားမှ ကျေးဇူးတော်ချီးမွမ်းခြင်းသည် မလွယ်ကူသော အရာ ဖြစ်ပါသည်။ အဘယ်ကြောင့် ဘုရားသခင်က ထိုသို့လုပ်ဆောင်ရန် အလိုရှိပါသနည်း။ အဘယ်ကြောင့်ဆိုသော် ကြမ်းတမ်းသော အသက်တာ၏ အစက်အပြောက်ကြောင့် ကျွန်ုပ်တို့ သန်မာကြီးထွားလာမည့် အကြောင်းကို သိသောကြောင့်ဖြစ်ပါသည်။ ဆုတောင်းခြင်းဖြင့် ဘုရား လွမ်းမိုးမှုထဲသို့ ပြန်လှည့်ကြမည်ဆိုလျင် ဘုရားသခင်က မှောင်မိုက် တန်ခိုးအပေါ် အောင်မြင်ခြင်းကို ကျွန်ုပ်တို့အား ပေးစွမ်းနိုင်ပါသည်။

သင်၏မိသားစုအပေါ်၌ သင်ကြားပြသမည့်အရာမှာ အခက်အခဲပေါင်းစုံကို နာခံခြင်းဖြင့် ယေရှု၏ ခြေတော်ရင်း၌ ချထားသောအခါ သူက ငြိမ်သက်ခြင်းကိုဆောင်ကျဉ်ပေးပြီး ကျွန်ုပ်တို့၏ စိတ်နှလုံးကို စောင့်ထိန်းပေးပါသည် (ဖိလိပ္ပိ ၄:၁၆-၇)

မိသားစု၏ ဆုတောင်းချက် အိုအဖ ဤ နောက်ဆုံးသောကာလမှာ ကျွန်ုပ်တို့အား ရှင်းလင်းသော စိတ်သဘောကို ပေးသနားတော်မူပါ အသိတရားနှင့် ရည်မှန်းချက်ဖြင့် အသက်ရှင်ဖို့ရန် ပံ့ပိုးတော်မူပါ ကျွန်ုပ်တို့၏ ရန်သူများကို ခုခံတားဆီးနိုင်ဖို့ရန် ကူညီမစကာ စိတ်ချုပ်တည်းမှု၏ နယ်ပယ်၌ ကျွန်ုပ်တို့၏ လိုအပ်ချက်များကို သဘောပေါက် နားလည်စေတော်မူပါ ကိုယ်တော်၏ အလိုတော်ကို နားလည်ဖို့ရန်အတွက် ဆုတောင်းမည့်နည်းကို ရရှိစေတော်မူပါ ဤနောက်ဆုံးသော ကာလတွင် ကိုယ်တော်၏ ဘုန်းတော်ကို ထင်ရှားစေဖို့ရန် ဝိညာဉ်တော်နှင့် ပြည့်သော ဆုတောင်းခြင်း အသက်တာကို ကျွန်ုပ်တို့အလွန်ပင် တောင့်တပါသဖြင့်

ဆုတောင်းခြင်းကို ကျွန်ုပ်တို့အား သင်ကြား ပေးသနားတော်မူပါ ခရစ်တော်၏ နာမဖြင့် တောင်လျောက်ကြပါ၏။ အာမင်။

ကျေးဇူးတင် စကား

ဘုရားသခင်၏ ကူညီမစခြင်းနှင့် လမ်းပြပို့ဆောင်ခြင်းကို အထူးဘဲချီးမွမ်းပါသည်။ ပြန်လည်ကြွလာခြင်း သတင်းကောင်းစာစောင်ကို ပုံမှန်ထုတ်ဝေနိုင်သောကြောင့် ဘုရားသခင်ကိုအထူးဘဲထပ်လောင်း၍ ချီးမွမ်းလိုပါသည်။ ဤသတင်းကောင်း စာစောင်ကိုဖတ်သော ဓမ္မမိတ်ဆွေအားလုံးအတွက် ကောင်းကြီးဖြစ်မည်လို့လည်း

ယုံကြည်ပါသည်။ ဤသတင်းကောင်းစာစောင်ကို ဆက်လက်ပုံမှန် ထုတ်ဝေနိုင်ဖို့ ရန် လိုအပ်သော ရံပုံငွေ၊ ကျန်းမာရေးနှင့် ကူညီမစမှုများအတွက် ဆက်လက် ဆုတောင်းပေးကြပါရန် ခရစ်တော်၏ နာမ၌တောင်းပန်အပ်ပါသည်။

ဤသတင်းကောင်း စာစောင်ကို မှာလိုပါကအောက်ပါလိပ်စာဖြင့် ဆက်သွယ်နိုင်ပါသည်။

Rev.Run Lian
P.O.Box 1349
Yangon
Tel: 09 45211 2354
Email: dts4christ@gmail.com